ကုလသမဂ္ဂ

A/HRC/60/18

အထွေထွေညီလာခံ

ဖြန့်ချိ- အထွေထွေ
ဇူလိုင် ၁၄၊ ၂၀၂၅

မူရင်း - အင်္ဂလိပ်

**လူ့အခွင့်အရေးကောင်စီ**

**(၆၀) ကြိမ်မြောက် အစည်းအဝေး**

စက်တင်ဘာ ၈ ရက် - အောက်တိုဘာ ၃ ရက် ၂၀၂၅

အစည်းအဝေး အစီအစဉ် အမှတ် ၄

**လူ့အခွင့်အရေးကောင်စီ သတိပြုရမည့် လူ့အခွင့်အရေးအခြေအနေများ**

# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အစီရင်ခံစာ*


*အစီရင်ခံစာအကျဉ်း*

ဤအစီရင်ခံစာသည် လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ စက်တင်ဘာ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းသော ဆုံးဖြတ်ချက်အမှတ် ၃၉/၂ အရ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားမှ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော သတ္တမမြောက် အစီရင်ခံစာဖြစ်သည်။ ဤအစီရင်ခံစာတွင် ၂၀၂၄ ဇူလိုင် ၁ ရက်မှ ၂၀၂၅ ဇွန် ၃၀ ရက်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ စုံစမ်းစစ်ဆေးမှုဆိုင်ရာ တိုးတက်မှုများ၊ စိန်ခေါ်မှုများနှင့် နောက်ထပ်ပံ့ပိုးရန် လိုအပ်သည့်နေရာများကို အလေးပေး ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း၊ ယန္တရားသည် မြန်မာနိုင်ငံတဝှမ်းတွင် အဖွဲ့အစည်းပေါင်းများစွာမှ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအရေအတွက် တိုးမြင့်လာသည့် အထောက်အထားများကို ဆက်လက်ဖော်ထုတ်ခဲ့သည်။ ယန္တရားသည် ရခိုင်ပြည်နယ်တွင် စုံစမ်းစစ်ဆေးရေးလမ်းကြောင်းသစ်များဖွင့်ပြီး၊ ပြစ်မှုကျူးလွန်သူများနှင့် ထိခိုက်နစ်နာသူများ၏ အဖွဲ့အစည်း သို့မဟုတ် လူမျိုးစုကို မခွဲခြားဘဲ၊ စွပ်စွဲခံရသောအမှုများနှင့် သက်ဆိုင်သည့် အထောက်အထားများကို စစ်ဆေးနေသည်။

စစ်တပ်က အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ယန္တရားသည် အရေးပါသော တိုးတက်မှုများ ရရှိခဲ့သည်။ ယင်းရာဇဝတ်မှုများတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးခြင်း၊ အရပ်သားများနှင့် ဖမ်းဆီးထားသည့် ရန်သူ့ဘက်မှတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဖမ်းဆီးထားသူများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခြင်းများ ပါဝင်သည်။ ယန္တရားသည် ထိန်းသိမ်းစစ်ကြောသည့်နေရာများတွင် ကျူးလွန်သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများ၏ အချက်အလက်များကို စုဆောင်းနိုင်ခဲ့သည်။ ထို့အပြင် မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပြည်သူ့စစ်များ၊ အတိုက်အခံ


Please recycle

လက်နက်ကိုင်အုပ်စုများက ကျူးလွန်သည့် အကျဉ်းချုံးစီရင်ကွပ်မျက်မှုနှင့် ပတ်သက်သော အချက်အလက်နှင့် အထောက်အထားများကိုလည်း ယန္တရားက စုဆောင်းခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်ကာလတွင် ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် ရှင်းလင်းစစ်ဆင်ရေးများကို စုံစမ်းစစ်ဆေးရာတွင်လည်း အထူးတိုးတက်မှုများ ရှိခဲ့သည်။ ယခုအခါတွင် ယန္တရားသည် ပြစ်မှုကျူးလွန်သည်ဟု ယူဆထားသူများနှင့် တိုက်ရိုက်ချိတ်ဆက်သည့် အထောက်အထားများကို ပေးနိုင်သော မျက်မြင်သက်သေများကို ဦးစားပေးကာ ဆက်သွယ်နေသည်။ ထို့အပြင် ယန္တရားသည် ရိုဟင်ဂျာရွာများရှိ အိုးအိမ်များကို ဖျက်ဆီးခြင်း၊ ရပ်ရွာအသိုက်အဝန်းကို အတင်းအကြပ် နေရပ်စွန့်ခွာစေခြင်း၊ မြန်မာအာဏာပိုင်များက မြေများကို သိမ်းယူပြီး လုံခြုံရေးစခန်းများနှင့် နိုင်ငံပိုင်အဆောက်အအုံများအဖြစ် အစားထိုး အသုံးပြုခြင်းများကို အထူးအာရုံစိုက်ကာ စုံစမ်းစစ်ဆေးနေသည်။

ယခုအစီရင်ခံသည့်ကာလအတွင်း၊ ယန္တရားသည် ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားနှင့် စိစစ်သုံးသပ်ချက်များပါဝင်သော ဖိုင်တွဲပေါင်း ၃၇ တွဲ ကျော်ကို နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ် အစိုးရရှေ့နေ၏ ရုံးအမှတ် ၉ သို့ မျှဝေပေးခဲ့သည်။ ထိုဖိုင်တွဲများတွင် အချက်အလက်ပေါင်း ၂၄,၀၀၀ ကျော်နှင့် စိစစ်သုံးသပ်ချက်များ ပါဝင်သည်။ ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် စစ်တပ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေသည့် မျှဝေရေးမိတ်ဖက်အသစ်ဖြစ်သော ယူကေနိုင်ငံသို့လည်း အထောက်အထားများ မျှဝေနေပြီဖြစ်သည်။

ဤအစီရင်ခံသည့်ကာလ၌ လက်ရှိဆောင်ရွက်လျက်ရှိသော တရားစွဲဆိုမှုများတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သည်။ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေသည် မြန်မာစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် တရားရုံးသို့ တောင်းဆိုချက် တင်သွင်းခဲ့သည်။ ထို့အပြင် အာဂျင်တီးနားနိုင်ငံ၏ ဖက်ဒရယ်ရာဇဝတ်ခုံရုံးကလည်း မင်းအောင်လှိုင်နှင့် အခြားပုဂ္ဂိုလ် ၂၄ ဦးအား တရားရုံးသို့ ဆင့်ခေါ်မိန့်ဝရမ်းများ ထုတ်ပြန်ခဲ့သည်။ ဤဖြစ်ရပ်များသည် ပြစ်မှုကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန်အတွက် တရားစီရင်ရာတွင် အသုံးပြုနိုင်သည့် မှုခင်းဆိုင်ရာအထောက်အထားများ စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းများကို လုပ်ဆောင်နေသည့် ယန္တရား၏ လုပ်ငန်းများကို ပိုမိုလေးနက် ထင်ရှားစေသည်။

မာတိကာ

*စာမျက်နှာ*


| | | |
|---|---|---|
| I. | နိဒါန်း | 4 |
| II. | စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုလုပ်ငန်းစဉ်များကို ထောက်ပံ့ရာတွင် တိုးတက်မှု | 5 |
| | A. အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း | 5 |
| | B. ရခိုင်ပြည်နယ်တွင်း လက်ရှိအခြေအနေ | 8 |
| | C. ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း | 9 |
| | D. အထောက်အထားများ မျှဝေခြင်းနှင့် တရားမျှတမှုရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးခြင်း | 11 |
| | E. အထောက်အထားများ စုဆောင်းခြင်း၊ စိစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းလမ်းများ | 13 |
| III. | ပူးပေါင်းဆောင်ရွက်မှု၊ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေးလုပ်ငန်းများတွင် တိုးတက်မှု | 16 |
| | A. အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | 16 |
| | B. အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဒိုင်ယာလော့ နှင့် လူထုဆက်ဆံရေးလုပ်ငန်းများ | 18 |
| IV. | ယန္တရား၏ အခြားကဏ္ဍများရှိ တိုးတက်မှုများ | 20 |
| | A. သက်သေများအား ကာကွယ်ခြင်းနှင့် ပံ့ပိုးကူညီခြင်း | 20 |
| | B. ဘာသာစကားပံ့ပိုးမှု | 21 |
| | C. ဝန်ထမ်းများ၊ အသုံးပြုသည့်ပစ္စည်းများနှင့် သတင်းအချက်အလက်နည်းပညာ လုံခြုံရေး | 22 |
| | D. နည်းပညာနှင့် အခြေခံအဆောက်အအုံ | 23 |
| V. | နိဂုံး – စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ် | 24 |

# I. နိဒါန်း

၁။ ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ ၂၀၂၄ ဇူလိုင် ၁ ရက်မှ ၂၀၂၅ ဇွန် ၃၀ ရက်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများပါဝင်သည်။

၂။ လူ့အခွင့်အရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၃၉/၂ ဖြင့် ယန္တရားကို ဖွဲ့စည်းခဲ့ပြီး အဓိကတာဝန်နှစ်ရပ် သတ်မှတ်ပေးခဲ့သည်။ ယင်းတာဝန်များမှာ – ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုဆိုင်ရာ အထောက်အထားများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းနှင့်၊ ပြစ်မှုများအတွက် တရားစီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် အနာဂတ်တွင် တရားစီရင်ပိုင်ခွင့်ရှိလာနိုင်သော ပြည်တွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများ၊ ခုံရုံးများတွင် တရားမျှတ၍ လွတ်လပ်သော တရားစီရင်မှုများ မြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အမှုနှင့်သက်ဆိုင်သောဖိုင်တွဲများ ပြင်ဆင်ခြင်း တို့ဖြစ်သည်။ အထွေထွေညီလာခံသည် ဆုံးဖြတ်ချက် အမှတ် ၇၃/၂၆၄ အရ ယန္တရားအား ဖွဲ့စည်းခြင်းကို ကြိုဆိုခဲ့သည်။ ကောင်စီ၏ နောက်ဆက်တွဲ ဆုံးဖြတ်ချက်အမှတ် ၄၃/၂၆ အရ၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံးနှင့် နိုင်ငံတကာတရားရုံးတို့က ဆောင်ရွက်မည့် စုံစမ်းစစ်ဆေးမှုများအပါအဝင် မည်သည့် အနာဂတ် စုံစမ်းစစ်ဆေးမှုများတွင်မဆို ယန္တရားအနေဖြင့် အချိန်နှင့်တပြေးညီ နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် အထူးတောင်းဆိုခဲ့သည်။

၃။ ယခင်နှစ်အတွင်း မြန်မာစစ်တပ်နှင့် အမျိုးမျိုးသောလက်နက်ကိုင် အဖွဲ့အစည်းများအကြား ပဋိပက္ခများ လျော့မသွားပဲ ဆက်လက်ဖြစ်ပွားနေသောကြောင့် ပြည်သူများသည် အကြမ်းဖက်မှုဒဏ်ကို ဆက်လက် ခံစားနေရသည်။ ယန္တရားသည် လက်ရှိပဋိပက္ခတွင် ပါဝင်နေကြသော အဖွဲ့အမျိုးမျိုးက အကြိမ် ရေပိုမိုများပြားစွာနှင့် ပိုမိုပြင်းထန်စွာ ကျူးလွန်လျက်ရှိသည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများကို စုဆောင်းခဲ့သည်။ ယန္တရားသည် အဆိုပါအမှု အားလုံးတွင် နိုင်ငံရေး ဆက်စပ်မှု၊ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် လူမျိုးနွယ်စုများကို မခွဲခြားဘဲ အဓိကတာဝန်ရှိသူများကို ဖော်ထုတ်ရန် လုပ်ဆောင်သည်။

၄။ ဤအစီရင်ခံသည့်ကာလအတွင်း မြန်မာစစ်တပ်သည် နိုင်ငံတဝှမ်းတွင် လေကြောင်းတိုက်ခိုက်မှုများကို စနစ်တကျ တိုးမြှင့်လုပ်ဆောင်သောကြောင့် သေဆုံးမှုများ၊ ပျက်စီးဆုံးရှုံးမှုများနှင့် နေရပ်စွန့်ခွာမှုများ နေရာ အနှံ့အပြားတွင် ဖြစ်ပွားခဲ့ပြီး ရပ်ရွာအသိုင်းအဝိုင်းကို အကြီးအကျယ် ထိတ်လန့်စေခဲ့သည်။ စစ်တပ်သည် အတိုက်အခံတပ်ဖွဲ့များထံသို့ နယ်မြေများ ဆက်လက်ဆုံးရှုံးခဲ့ပြီး၊ ဆုံးရှုံးသွားသည့်နယ်မြေများကို လေကြောင်းမှ မကြာခဏ ဗုံးကြဲတိုက်ခိုက်သောကြောင့် တိုက်ခိုက်မှုများတွင် မပါဝင်သည့် ပြည်သူများ သေဆုံးဒဏ်ရာရမှု ပိုမိုများပြားလာသည်။ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီး ရွယ်အိုများသည် လေကြောင်းတိုက်ခိုက်မှုများ၏ သက်ရောက်မှုကို လွန်စွာခံစားခဲ့ရသည်။ ၂၀၂၅ မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် သေဆုံးမှုများလှသော ငလျင်ကြီးအပြီး ရက်များအတွင်း၊ လူသားချင်း စာနာမှုအကျပ်အတည်း အဆိုးရွားဆုံးအချိန်တွင် မြန်မာစစ်တပ်သည် မန္တလေး၊ စစ်ကိုင်းနှင့် အခြားဒေသ ကြီးများရှိ အရပ်သားများနေထိုင်ရာ ကျေးရွာများကို လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

၅။ ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့အကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် အရပ်သားထောင်ပေါင်းများစွာ ထိခိုက်လျက်ရှိသည်။ အထူးသဖြင့် လူမျိုးစုအားလုံးမှ ကလေးငယ်များသည် အာဟာရချို့တဲ့မှုကို ကြုံတွေ့နေရကြောင်း ခိုင်လုံသော သတင်းများရရှိသည်။ အစီရင်ခံကာလအတွင်း ရက္ခိုင့်တပ်တော်သည် ရခိုင်ပြည်နယ်ရှိ မြို့နယ်အများစုကို ထိန်းချုပ်နိုင်ခဲ့ပြီး ပြည်နယ်မြို့တော်ဖြစ်သော စစ်တွေမြို့နှင့် တောင်ပိုင်းရှိ အစိတ်အပိုင်းအနည်းငယ်သာ မြန်မာစစ်တပ်၏

ထိန်းချုပ်မှုအောက်တွင် ကျန်ရှိသည်။ ယန္တရားသည် လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းကျင့်မှု၊ ကျေးရွာများမီးရှို့ဖျက်ဆီးမှုနှင့် ပတ်သက်သည့် အချက်အလက်များကို အားစိုက်ကာ စုံစမ်းစစ်ဆေးနေသည်။ ရခိုင်ပြည်နယ်ရှိ လူမျိုးစုအားလုံးသည် အလွန်အမင်း ဒုက္ခရောက်နေကြပြီး၊ ကျန်ရစ်နေသော ရိုဟင်ဂျာများသည် မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့အကြား လွန်စွာထိခိုက်လွယ်သော အခြေအနေတွင် ရှိနေသည်။

၆။ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေသည်နှင့် တပြိုင်တည်းမှာပင်၊ ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများဆိုင်ရာ တရားစီရင်ရေးလုပ်ငန်း သုံးရပ်ကို အထောက်အထားနှင့် စိစစ်သုံးသပ်ချက်များစွာ မျှဝေခဲ့သည်။ ဤဆောင်ရွက်ဆဲ တရားစီရင်ရေး လုပ်ငန်းများကို နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ် အစိုးရရှေ့နေ၏ ရုံးအမှတ် ၉ တို့က လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေသည် ရိုဟင်ဂျာများအား ပြည်ပသို့နှင်ထုတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မြန်မာစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ တရားလိုရှေ့နေသည် နောက်ထပ်ဖမ်းဝရမ်းများ တောင်းဆိုရန် ရည်ရွယ်ထားသည်ဟုလည်း ပြောကြားခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အာဂျင်တီးနားနိုင်ငံ၏ ဖက်ဒရယ် ရာဇဝတ်ခုံရုံးက မင်းအောင်လှိုင်နှင့် အခြားပုဂ္ဂိုလ် ၂၄ ဦးအား ဆင့်ခေါ်မိန့်ဝရမ်းထုတ်ရန် ညွှန်ကြားခဲ့သည်။ ထိုဆင့်ခေါ်မိန့်များသည် အာဂျင်တီးနားအာဏာပိုင်များက ဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုနှင့် ဆက်စပ်သည့် ထွက်ဆိုချက်များပေးရန်အတွက် ထိုပုဂ္ဂိုလ်များအား တရားရုံးသို့ လာရောက်ရန် ခေါ်ယူခြင်း ဖြစ်သည်။ ဤဖြစ်ပေါ်တိုးတက်မှုများသည် မည်သူမျှ ဥပဒေအထက်တွင်မရှိဟူသော ပြင်းထန်သည့်သတိပေးစကားကို ပြစ်မှုကျူးလွန်သူများထံ ပေးပို့လိုက်ခြင်း ဖြစ်သည်။

## II. စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုလုပ်ငန်းစဉ်များကို ထောက်ပံ့ရာတွင် တိုးတက်မှု

၇။ ပြီးခဲ့သည့်နှစ်အတွင်း၊ ယန္တရားသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်နေသောအခြေအနေများကို အဆက်မပြတ်စောင့်ကြည့်ခဲ့ပြီး မြန်မာစစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အခြားလက်နက်ကိုင်အုပ်စုများက ကျူးလွန်သည်ဟု စွပ်စွဲခံရသော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများဆိုင်ရာ အထောက်အထားများကို စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ယန္တရားသည် လုပ်ငန်းစတင်လုပ်ဆောင်ချိန်မှစပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းထားသည်။ ပထမတစ်ဖွဲ့မှာ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ (ယခင်ရာဇဝတ်မှုများနှင့် ဆက်လက်ကျူးလွန်ဆဲရာဇဝတ်မှုများ) ကို ဦးတည်စုံစမ်းသောအဖွဲ့ဖြစ်ပြီး၊ ဒုတိယတစ်ဖွဲ့မှာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအပါအဝင် အခြားလူမျိုးစုများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်း စစ်ဆေးသောအဖွဲ့ဖြစ်သည်။

### A. အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း

၈။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအနှံ့ ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ဆက်စပ်သည့် အထောက်အထားများစွာကို ယန္တရားက စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ဤအစီရင်ခံကာလအတွင်း ကျူးလွန်သည့် ရာဇဝတ်မှုအရေအတွက်သည် သိသိသာသာ တိုးမြင့်လာခဲ့သည်။ ယန္တရားသည် အခြေခံကျသော တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ မလုပ်ဆောင်ဘဲ လူထောင်ပေါင်းများစွာကို ထောင်ချခြင်း၊ အရပ်သားများကို မရှောင်ရှားသည့် လေကြောင်းတိုက်ခိုက်မှုများ၊

အမြောက်နှင့်ဒရုန်းတိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးခြင်း၊ အိမ်များ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရခြင်း၊ ဖမ်းဆီးထားသူများအား လိင်အကြမ်းဖက်မှုအပါအဝင် ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခြင်းစသည့် အမှုများနှင့်ဆက်စပ်သော အချက်အလက်အသစ်များကို စုဆောင်းလျက်ရှိသည်။ ဤစုံစမ်းစစ်ဆေးမှုများမှတဆင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ရှု့ထောင့်ပေါင်းစုံမှ အထောက်အထားများဖြင့် သက်သေပြသည့် စိစစ်သုံးသပ်ချက် အစီရင်ခံစာအမျိုးမျိုး ထုတ်နိုင်ခဲ့သည်။ ယင်းစိစစ်သုံးသပ်ချက်များကို စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေး အာဏာပိုင်အဖွဲ့အစည်းများထံ မျှဝေရန်အတွက် ပြင်ဆင်ထားသည်။

**လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများနှင့် သက်ဆိုင်သည့် ရာဇဝတ်မှုများ**

၉။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များအပြင် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများအထိ မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားနေဆဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများစွာကို စုဆောင်းခြင်းနှင့် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ အတိတ်နှင့် လက်ရှိဖြစ်ပွားဆဲ အမှုများအား စုံစမ်းစစ်ဆေးရာတွင် (က) အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများကို မရှောင်ရှားဘဲ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်မှုများ၊ (ခ) စစ်ဆင်ရေးများအတွင်း ဖမ်းဆီးခံရသည့် အရပ်သားများ သို့မဟုတ် တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်မှုများ (ဂ) လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှု ကျူးလွန်ခြင်းများ ပါဝင်သည်။

၁၀။ အထူးသဖြင့် ယန္တရားသည် နိုင်ငံတဝှမ်းရှိ ဒေသအသီးသီးတွင် ပိုတိုးလာသည့် လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ အချက်အလက်များကို ရယူစုဆောင်းပြီး စိစစ်သုံးသပ်ခြင်းများ ဆက်လက်လုပ်ဆောင်နေသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများ ပိုမိုထိခိုက်လာသဖြင့်၊ ယန္တရားသည် ယင်းဖြစ်စဉ်များနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများကို အရှိန်မြှင့် ပြုလုပ်ခဲ့သည်။ ယန္တရားအနေဖြင့် ယင်းလေကြောင်းတိုက်ခိုက်မှုများသည် စစ်ရေးပစ်မှတ်များကိုသာ ဦးတည်ထားခြင်းဖြစ်သလား သို့မဟုတ် အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် အင်အားအလွန်အကျွံသုံးပြီး ဦးတည်တိုက်ခိုက်ခြင်းဖြစ်သလား ဆိုသည့် အထောက်အထားများကို ရှာဖွေစုံစမ်းခဲ့သည်။ ယန္တရားက စိစစ်စုံစမ်းခဲ့သည့်ဖြစ်စဉ်များအနက် နေရပ်စွန့်ခွာထွက်ပြေးသူများ ခိုလှုံရာစခန်းများကို ဦးတည်တိုက်ခိုက်ခဲ့သောအမှုများ၊ ကယားပြည်နယ်ရှိ ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် ကျန်းမာရေးဌာနများကို ပစ်မှတ်ထားတိုက်ခိုက်မှုများလည်း ပါဝင်သည်။ ယင်းတိုက်ခိုက်ခံရသည့်နေရာများ၏ အနီးအနားတွင် စစ်ရေးပစ်မှတ်အဖြစ် သတ်မှတ်နိုင်သော နေရာများမရှိဘဲ တိုက်ခိုက်ခဲ့ပြီး၊ အဆိုပါတိုက်ခိုက်မှုများကြောင့် အရပ်သားများတွင် ထိခိုက်နစ်နာမှုများပြားစွာဖြစ်ပေါ်ကာ အရပ်သားပိုင် အခြေခံအဆောက်အအုံများကိုလည်း ပျက်စီးစေခဲ့သည်။ ယန္တရားသည် လေကြောင်းတိုက်ခိုက်မှုများတွင် ပါဝင်ကျူးလွန်သူများကို ဖော်ထုတ်နိုင်ရန်အတွက် မြန်မာ့လေတပ်၏ ဖွဲ့စည်းပုံနှင့် အမိန့်ပေးမှုကွင်းဆက်ကို စိစစ်သုံးသပ်နေသည်။ အလားတူ၊ ယန္တရားသည် လေကြောင်းတိုက်ခိုက်မှုများတွင် အသုံးပြုသည့် လက်နက်နှင့် ကိရိယာများ တင်သွင်းသည့်ကွင်းဆက်များ၊ ယင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဆက်လက်စစ်ဆေးလျက်ရှိသည်။ ထို့အပြင် မြန်မာစစ်တပ်က ဓာတုလက်နက်များ အသုံးပြုခဲ့သည်ဟု စွပ်စွဲထားသည့် ပေးပို့ချက်များကိုလည်း ယန္တရားက စစ်ဆေးလျက်ရှိသည်။

၁၁။ ယန္တရားသည် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ အရပ်သားများထံမှ သက်သေခံထွက်ဆိုချက်များကို လက်ခံရရှိထားပြီး၊ ယင်းအရပ်သားအများအပြားသည် ၎င်းတို့၏နေရပ်များမှ အကြိမ်ကြိမ် စွန့်ခွာထွက်ပြေးခဲ့ရသူများ ဖြစ်ကြသည်။ ၎င်းတို့သည် လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ဒရုန်းများ၏ အသံများကြားရပါက စိုးရိမ်ထိတ်လန့်ကြပြီး တိုက်ခိုက်ခံရမည်ကို အမြဲတမ်း ကြောက်ရွံ့နေကြကြောင်း ဖော်ပြကြသည်။ အထူးသဖြင့် ကလေးများလည်း စိတ်ဒဏ်ရာများ

ရရှိခဲ့သည်။ အရပ်သားများသေဆုံးမှု အများအပြား ဖြစ်စေသည့် လေကြောင်းတိုက်ခိုက်မှုများတွင် ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များအပြင် ဒရုန်းများနှင့် ပါရာမိုတာများ အသုံးပြုခဲ့ကြောင်း ခိုင်မာသော အချက်အလက်များ စုဆောင်းရရှိထားသည်။

၁၂။ ၂၀၂၅ မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့သော်လည်း၊ စစ်တပ်က လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ စစ်တပ်သည် ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လွယ်ကူစွာပေးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သော်လည်း၊ လေကြောင်းမှ ဆက်လက်တိုက်ခိုက်ခဲ့သည်။ ယန္တရားသည် ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသောဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ တားဆီးခံရသည် သို့မဟုတ် သိမ်းဆည်းခံရသည်ဆိုသည့် သတင်းပေးပို့ချက်များကို နီးကပ်စွာ စောင့်ကြည့်လျက်ရှိသည်။ ယန္တရားသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တားဆီးခံရခြင်းကဲ့သို့ အလားတူ ဖြစ်ရပ်များနှင့်ပတ်သက်၍လည်း ယုံကြည်စိတ်ချရသော သက်သေအထောက်အထားများ စုဆောင်းရရှိသည်။

၁၃။ အစီရင်ခံကာလအတွင်း စစ်ဆင်ရေးများတွင် ဖမ်းဆီးခံထားရသော အရပ်သားများ သို့မဟုတ် တိုက်ခိုက်ရေးသမားများ သတ်ဖြတ်ခံရမှုများကို ဖော်ပြသည့် သက်သေအထောက်အထားများလည်း တိုးလာခဲ့သည်။ ယန္တရားသည် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၊ ၎င်းတို့နှင့် ဆက်စပ်သည့် ပြည်သူ့စစ်များ၊ အတိုက်အခံလက်နက်ကိုင်အဖွဲ့များက ကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုများနှင့်စပ်လျဉ်း၍ သက်သေအထောက်အထားများ ရရှိထားသည်။ ယုံကြည်စိတ်ချရသော အချက်အလက်များအရ ဖမ်းဆီးခံထားရသည့် စစ်သားများ၊ တိုက်ခိုက်ရေးသမားများနှင့် သတင်းပေးသူများဟု စွပ်စွဲခံရသည့် အရပ်သားများကို အကျဉ်းချုံးစီရင်ကွပ်မျက်မှုများ ကျူးလွန်ခဲ့ကြောင်း ညွှန်ပြနေသည်။ ယင်းဖြစ်စဉ်အချို့ကို ပြစ်မှုကျူးလွန်သူများကိုယ်တိုင် ဗီဒီယိုရိုက်ကူးပြီး အင်တာနက်ပေါ်တွင် တင်ခဲ့ခြင်းမှာ၊ ၎င်းတို့သည် ဤအမှုများအတွက် မည်သည့်အခါမျှ တာဝန်ခံရမည်မဟုတ်ဟု ယုံကြည်နေကြောင်း သက်သေထူလျက်ရှိသည်။ ယန္တရားသည် ဤပြစ်မှုများကို ကျူးလွန်သူများနှင့် ၎င်းတို့၏အထက်အရာရှိများ၏ ကိုယ်ရေးအချက်အလက် အထောက်အထားများ စုဆောင်းရရှိထားပြီး မြန်မာနိုင်ငံတွင် ဤကဲ့သို့ပြစ်မှုများအတွက် တာဝန်ရှိသူများ ပြစ်ဒဏ်မှကင်းလွတ်နေမှုကို ဖြိုဖျက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

၁၄။ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခမျိုးစုံတွင် အသက်အရွယ်အမျိုးမျိုး၊ ဂျင်ဒါအမျိုးမျိုးရှိသော အရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် ခိုင်မာသောအထောက်အထားများကို ယန္တရားက ဆက်လက်စုဆောင်းသုံးသပ်လျက်ရှိသည်။ ယင်းတို့တွင် မုဒိမ်းကျင့်ခြင်း (ပစ္စည်းကိရိယာများဖြင့် ပြုကျင့်ခြင်းနှင့် အုပ်စုလိုက်မုဒိမ်းကျင့်ခြင်းများ ပါဝင်သည်) ၊ လိင်ကျွန်ပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်အင်္ဂါဖြတ်တောက်ခြင်း၊ စစ်တပ်၏စစ်ဆေးရေးဂိတ်များတွင် လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ အတင်းအကျပ် ဝတ်လစ်စလစ် ဖြစ်စေခြင်း တို့ပါဝင်သည်။ သို့ရာတွင်၊ ယန္တရားသည် မူလရင်းမြစ်များထံမှ အထောက်အထားများ စုဆောင်းရာတွင် ကြီးမားသော အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု အကြမ်းဖက်မှု ကြုံခဲ့ရသူများသည် လုံလောက်သော ပံ့ပိုးကူညီမှုများ မရသည့်အပြင်၊ ပြင်းထန်သည့် စိတ်ဒဏ်ရာရရှိခြင်း၊ ယဉ်ကျေးမှုနှင့် လူမှုရေးအရ နှိမ့်ချဆက်ဆံခံရခြင်းများလည်း မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။ ထိခိုက်နစ်နာသူများသည် ထပ်မံ၍အန္တရာယ်ကြုံရမည်ကို ကြောက်ရွံ့ခြင်းနှင့် အာဏာပိုင်များကို ယုံကြည်မှုမရှိခြင်းတို့ကြောင့်၊ တိုင်ကြားမှုနောက်ကျခြင်း နှင့်/သို့မဟုတ် တိုင်ကြားမှုနည်းခြင်းများ ဖြစ်လေ့ရှိသည်။ ယင်းသို့အခက်အခဲများရှိသော်လည်း၊ ယန္တရားသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသည့် စစ်တပ်အတွင်းရှိ

ပုဂ္ဂိုလ်များ၊ စစ်တပ်နှင့်ဆက်စပ်သော ပြည်သူ့စစ်များ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများအား စုံစမ်းစစ်ဆေးရာတွင်လည်း တိုးတက်မှုများ ရရှိခဲ့သည်။

၁၅။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် ကလေးများအပေါ် ကျူးလွန်သည့် သို့မဟုတ် ထိခိုက်စေသည့် ရာဇဝတ်မှုများကို ဦးစားပေး စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းရာဇဝတ်မှုများနှင့်ပတ်သက်သည့် သတင်းပေးပို့ချက်များ ရရှိခဲ့ပြီး၊ မျက်မြင်သက်သေထွက်ဆိုချက်များကို စုဆောင်းခဲ့သည်။ ယင်းတို့တွင် အသက် ၁၅ နှစ် အောက် ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်း၊ အတင်းအကျပ် စစ်မှုထမ်းစေခြင်း သို့မဟုတ် တိုက်ခိုက်မှုများတွင် အသုံးပြုခြင်းစသည့် ထောက်အထားများ ပါဝင်သည်။

## ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရားမဝင် ဖမ်းဆီးထောင်ချခြင်းနှင့် သက်ဆိုင်သည့် ရာဇဝတ်မှုများ

၁၆။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်က ဖမ်းဆီးခံထားရသူများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် စစ်အစိုးရကို ဆန့်ကျင်သည်ဟု ယူဆခံရသူများအား ပစ်မှတ်ထား နှိပ်စက်မှုများကို ယန္တရားက ဆက်လက်စုံစမ်းစစ်ဆေးသည်။ မြန်မာ့လုံခြုံရေးတပ်ဖွဲ့များ အုပ်ချုပ်သည့် အကျဉ်းထောင်များတွင် စနစ်တကျ နှိပ်စက်ညှဉ်းပန်းခြင်း၊ လူသတ်ခြင်းနှင့် အခြား ကြီးလေးသောရာဇဝတ်မှု ကျူးလွန်ခြင်းများကို သက်သေများ၏ တိုက်ရိုက်ထွက်ဆိုချက်များအပါအဝင် ယန္တရားသည် အရေးပါသော အထောက်အထားများ စုဆောင်းခဲ့သည်။ ယင်းညှဉ်းပန်းနှိပ်စက်မှုများတွင် ရိုက်နှက်ခြင်း၊ လျှပ်စစ်ဖြင့်လျှော့တိုက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ပလာယာဖြင့် လက်သည်းများနှုတ်ယူခြင်းများ ပါဝင်သည်။

၁၇။ ယန္တရားသည် ဖမ်းဆီးထိန်းသိမ်းထားသည့်နေရာများတွင် အသက်အရွယ်စုံ၊ ဂျင်ဒါစုံ ပုဂ္ဂိုလ်များကို လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ စနစ်တကျ ကျူးလွန်ခြင်းများကို စိစစ်သုံးသပ်ရာတွင် အရေးပါသော တိုးတက်မှုများရရှိခဲ့သည်။ ကျူးလွန်ခဲ့သောရာဇဝတ်မှုများတွင် လိင်အင်္ဂါနှင့် စအိုပေါက်အတွင်းသို့ အရာဝတ္ထုများ ထိုးသွင်းခြင်းအပါအဝင် မုဒိမ်းကျင့်ခြင်း (အုပ်စုလိုက်နှင့် ကြိမ်ဖန်များစွာ မုဒိမ်းကျင့်ခြင်း)၊ လိင်ကျွန်ပြုခြင်း၊ လိင်အင်္ဂါများကို စီးကရက်မီး သို့မဟုတ် ပူလောင်သည့်အရာများဖြင့်ထိုးခြင်း၊ လိင်ဆန်ဆန် ကိုင်တွယ်ခြင်း၊ အဝတ်အစား အားလုံး သို့မဟုတ် တစိတ်တပိုင်းကို အတင်းအဓမ္မချွတ်ကာ ဝတ်လစ်စလစ် ဖြစ်စေခြင်း၊ ခန္ဓာကိုယ်ပေါ် အတင်းအကျပ်ရှာဖွေပြီး အရှက်ရစေခြင်း၊ အမျိုးသမီးများကို ချိုးနှိမ်သည့် သို့မဟုတ် လိင်တူချစ်သူများကို ရှုံ့မုန်းသည့် စကားများပြောခြင်း၊ လိင်အကြမ်းဖက်မှု သို့မဟုတ် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မျိုးဆက်ပွားမှုဆိုင်ရာ အကြမ်းဖက်မှုများ – ဥပမာ ဓမ္မတာဆိုင်ရာ သန့်ရှင်းမှုမရှိစေခြင်း၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီးကာလ ကျန်းမာရေးစောင့်ရှောက်မှုမရစေခြင်းနှင့် အာဟာရချို့တဲ့စေခြင်းများပါဝင်သည်။ ထို့အပြင်၊ အသက် ၂ နှစ်မှ ၁၆ နှစ် သို့မဟုတ် ၁၇ နှစ်အတွင်းရှိ ကလေးများကို အများအားဖြင့် ၎င်းတို့၏မိဘများကိုယ်စား ဖမ်းဆီးထားကြောင်း မျက်မြင်သက်သေများ၏ အထောက်အထားများကို ယန္တရားက ရရှိထားသည်။ အဆိုပါ ကလေးများသည်လည်း ညှဉ်းပန်းနှိပ်စက်မှု၊ ဆိုးရွားစွာဆက်ဆံမှု၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ ကျူးလွန်ခံနေရသည်။

၁၈။ ယန္တရားသည် သက်ဆိုင်ရာ ထိန်းသိမ်းစစ်ကြောသည့်နေရာများတွင် တာဝန်ယူခဲ့သည့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တပ်ခွဲများ၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကို တိုက်ရိုက်ကျူးလွန် သူများအပါအဝင် ရာထူးကြီး တပ်မှူးများကို ဖော်ထုတ်သတ်မှတ်ရာတွင် တိုးတက်မှုများ ရှိနေသည်။

## B. ရခိုင်ပြည်နယ်တွင်း လက်ရှိအခြေအနေ

၁၉။ ရခိုင်ပြည်နယ်တွင် အခြေအနေများ သိသိသာသာ ဆိုးရွားလာသောကြောင့်၊ ယန္တရားသည် ၂၀၂၄ ခုနှစ် အစောပိုင်းမှစ၍ ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများနှင့်စပ်လျဉ်း၍

အထူးပြု စုံစမ်းစစ်ဆေးမှုလမ်းကြောင်းများ စတင်ခဲ့သည်။ ယင်းတို့တွင် ပဋိပက္ခ ဖြစ်ပွားနေသော နှစ်ဘက်အဖွဲ့များကြားရှိ ရခိုင်များ၊ ရိုဟင်ဂျာများနှင့် အခြားအရပ်သားအသိုက်အဝန်းများကို ပစ်မှတ်ထားတိုက်ခိုက်သည့် ရာဇဝတ်မှုများ ပါဝင်သည်။

၂၀။ ယန္တရားသည် မတူညီသော အရပ်သားအသိုက်အဝန်းများအပေါ် ကျူးလွန်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေပြီး၊ ယင်းတို့တွင်– (က) ကျေးရွာများစွာမှ အရပ်သားများကို ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အတင်းအကျပ် ရွှေ့ပြောင်းခြင်း၊ (ခ) အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် အရပ်သားများကို မရှောင်ရှားဘဲ သတ်ဖြတ်ခြင်း၊ (ဂ) စစ်တွေမြို့တွင် အရပ်သားများ၏ ဝင်ထွက်သွားလာမှုကို ကန့်သတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ အခြေခံလိုအပ်သောပစ္စည်းများ ပို့ဆောင်မှုများကို ပိတ်ဆို့ခြင်း၊ (ဃ) ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရက္ခိုင့်တပ်တော်၏ ထိန်းချုပ်မှုအောက်ရှိ ကျေးရွာများမှ အရပ်သားများ သို့မဟုတ် အရပ်သားပိုင် ပစ္စည်းများကို မရှောင်ရှားဘဲ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ အမြောက်များ ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ရခိုင်အရပ်သားများအား အစုအပြုံလိုက် သတ်ဖြတ်သည်ဟု စွပ်စွဲထားသည့်ဖြစ်စဉ်နှင့် လက်ရှိအကြမ်းဖက်မှုများကြောင့် ထိခိုက်နစ်နာသော ရခိုင်အသိုင်းအဝိုင်းများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပို့ဆောင်ရေးကို ပိတ်ဆို့ထားခြင်းလည်း ပါဝင်သည်။ ယင်းရာဇဝတ်မှုများကို မြန်မာစစ်တပ် နှင့်/သို့မဟုတ် စစ်တပ်နှင့်ဆက်စပ်သော လက်နက်ကိုင်အဖွဲ့များက ကျူးလွန်ခဲ့သည်ဟူသော ယုံကြည်စိတ်ချရသည့် အချက်အလက်များကို ယန္တရားက စုဆောင်းရရှိခဲ့သည်။

၂၁။ ပြင်းထန်နေသော အကြမ်းဖက်မှုများကြောင့် ရိုဟင်ဂျာများစွာသည် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာ ထွက်ပြေးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တဖန် ခိုလှုံနေရပြန်သည်။ ကနဦးအဆင့်တွင် အဆိုပါပုဂ္ဂိုလ်များအား ရှာဖွေရန်နှင့် ဘေးကင်းစွာဆက်သွယ်ရန် အခက်အခဲများရှိခဲ့သော်လည်း၊ ယန္တရားသည် ထိခိုက်နစ်နာသူများနှင့် တွေ့ဆုံနိုင်ခဲ့ပြီး၊ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ကြောက်မက်ဖွယ်ရာဇဝတ်မှုများနှင့်ပတ်သက်သည့် တိုက်ရိုက်သက်သေအထောက်အထားများကို ရယူနိုင်ခဲ့သည်။ ဤသို့လုပ်ဆောင်နိုင်ခြင်းမှာ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အထောက်အထားစုဆောင်းရေးအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သော ကြောင့်ဖြစ်သည်။ ယင်းအဖွဲ့အစည်းများသည် လတ်တလော နေရပ်စွန့်ခွာထွက်ပြေးနေရသော ပြည်သူများထံမှ အထောက်အထားများ စုဆောင်းရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် အကူအညီပေးခဲ့သည်။

၂၂။ အစီရင်ခံကာလအတွင်း ယန္တရားသည် ရက္ခိုင့်တပ်တော် အဖွဲ့ဝင်များက စစ်ဝတ် (သို့မဟုတ်) အရပ်ဝတ်ဖြင့် ကျူးလွန်သည်ဟု စွပ်စွဲထားသော ရာဇဝတ်မှုများကို စတင်စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းတို့အနက် စစ်သားများနှင့် စစ်ဘက်သတင်းပေးဟု သံသယရှိသည့် အရပ်သားများအား အကျဉ်းချုံးစီရင်ကွပ်မျက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ခေါင်းဖြတ်သတ်ခြင်းစသည့် လုပ်ရပ်များ ပါဝင်သည်။ ထို့အပြင်၊ ယန္တရားသည် ချင်းအမျိုးသမီးများအား မုဒိမ်းကျင့်ခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်သက်ဆိုင်သော အချက်အလက်များကို ဆက်လက်စုဆောင်းနေသည်။

## C. ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်း

၂၃။ ဤအစီရင်ခံကာလအတွင်း ယန္တရားသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများနှင့် ဆက်စပ်နေသော ရာဇဝတ်မှုများကို ဆက်လက်စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းစစ်ဆင်ရေးများသည် အစုအပြုံလိုက် သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့်ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများ ကျယ်ပြန့်စွာဖြစ်စေခြင်း၊ ရိုဟင်ဂျာကျေးရွာများ အကြီးအကျယ် ဖျက်ဆီးခံရခြင်း၊ သိန်းနှင့်ချီသော ရိုဟင်ဂျာများ နေရပ်စွန့်ခွာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရွှေ့ပြောင်းရခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။ ရှင်းလင်းစစ်ဆင်ရေးမတိုင်မီကဖြစ်ရပ်များကိုလည်း ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းတွင် ၂၀၁၂ ခုနှစ်တွင်ဖြစ်ခဲ့သည့် အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲအဖြစ် စစ်တွေမြို့အနီးရှိ

ရိုဟင်ဂျာအသိုင်းအဝိုင်းအား ပြည်တွင်းမှာပင် နေအိမ်များမှစွန့်ခွာစေမှုများနှင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များမတိုင်မီက ရိုဟင်ဂျာအသိုင်းအဝိုင်းကို ဦးတည်ကျင့်သုံးခဲ့သည့် ခွဲခြားဆက်ဆံမှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများ ပါဝင်သည်။

၂၄။ ယန္တရားသည် ဤစုံစမ်းစစ်ဆေးမှုများတွင် ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် အဓိကတာဝန်ရှိသူများကို ဖော်ထုတ်ရန် ကြိုးပမ်းသည်။ ယင်းတို့တွင် ရာဇဝတ်မှုများကို အမိန့်ပေးသူများ၊ မိမိ၏ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့ဝင်များက ကျူးလွန်သည့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူရန် ပျက်ကွက်ခဲ့သူများ၊ ငွေကြေးနှင့်ပစ္စည်းများ ပံ့ပိုးခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်ခြင်းကို အထောက်အပံ့ပြုသူများ၊ ရာဇဝတ်မှုများကို မီးထိုးပေးသည့် အမုန်းစကား ဖြန့်ဝေရာတွင် တက်ကြွစွာ လုပ်ဆောင်ခဲ့သူများ ပါဝင်သည်။

၂၅။ ဤအစီရင်ခံကာလအတွင်း၊ ယန္တရားသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်၌ မြန်မာစစ်တပ်၏ ရှင်းလင်းစစ်ဆင်ရေးများကြောင့် နစ်နာခဲ့ရသော ရိုဟင်ဂျာများ၊ လက်ရှိဒုက္ခသည်စခန်းများနှင့် အခြားနေရာများတွင် နေထိုင်နေသော ရိုဟင်ဂျာများကို ဆက်လက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။ ယင်းတွေ့ဆုံမေးမြန်းမှုများတွင် လွတ်မြောက်လာသူများ၏ အတွေ့အကြုံ အလုံးစုံကို မေးမြန်းခြင်းဖြစ်ပြီး၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များမတိုင်မီက ကျူးလွန်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများ၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်းများ၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကျူးလွန်ခြင်းနှင့် ပြည်တွင်းရှိ ၎င်းတို့၏နေရပ်များမှ အင်အားသုံး၍ ဖယ်ရှားပစ်ခြင်းစသည့်အမှုများနှင့် သက်ဆိုင်သော အချက်အလက်နှင့် အထောက်အထားများ ပါဝင်သည်။ ယန္တရားသည် ကွင်းဆင်းမစ်ရှင်များမှတဆင့် သက်သေအထောက်အထား အမြောက်အမြားကို စုဆောင်းရရှိထားပြီး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ သက်သေများကို ဖော်ထုတ်ခြင်းနှင့် ဦးစားပေးရွေးချယ်မှုများ အတွက် ပိုမိုတိကျသည့် ချဉ်းကပ်မှုနည်းလမ်းကို ကျင့်သုံးလျက်ရှိသည်။ ယန္တရား၏ အမှုများအားဦးစားပေးရွေးချယ်သည့် မဟာဗျူဟာအတိုင်း၊ လူတစ်ဦးချင်းစီ၏လုပ်ရပ်များနှင့် ၎င်းကျူးလွန်သည့်ရာဇဝတ်မှုများအကြား ချိတ်ဆက်နိုင်သည့် အထောက်အထားများရှိသော ရိုဟင်ဂျာသက်သေများကို ရှာဖွေခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းများကို အသားပေး လုပ်ဆောင်သည်။ မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့များ၏ တည်နေရာများ၊ တပ်ဖွဲ့စည်းပုံများနှင့် စစ်ဆင်ရေးဆိုင်ရာ အထောက်အထားများသာမက၊ ရှင်းလင်းစစ်ဆင်ရေးများမတိုင်မီက လုံခြုံရေးအရာရှိများကြား ဆက်သွယ်ထားသည့် အချက်အလက်များလည်း ပါဝင်သည်။ သက်သေများထံမှ အချက်အလက်စုဆောင်းရာတွင်လည်း ယန္တရားသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများအပေါ် ကျူးလွန်သည့် သို့မဟုတ် ထိခိုက်စေသည့် ရာဇဝတ်မှုများကို အထူးဦးစားပေးဆောင်ရွက်သည်။

၂၆။ ယန္တရားသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သည့်အဖွဲ့များ၊ မီဒီယာများ၊ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အထောက်အထားစုဆောင်းမှု လုပ်ငန်းများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သည်။ အထူးသဖြင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ဆောင်ရွက်ခဲ့သည့် ရှင်းလင်းစစ်ဆင်ရေးများ၏ နောက်ကွယ်ရှိ အဓိကတာဝန်ရှိသူများနှင့် ဆုံးဖြတ်ချက်ချသူများအကြောင်း ပြောပြနိုင်သည့် "အတွင်းသတင်းသိ" သက်သေများကို ရှာဖွေသည်။ ဤသက်သေများတွင် မြန်မာစစ်တပ်၏ ဖွဲ့စည်းပုံ၊ စစ်ဆင်ရေးလုပ်ငန်းများ၊ အမိန့်ပေးစနစ်၊ တပ်ဖြန့်ကျက်ထားမှု၊ လုံခြုံရေးတပ်ဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှု၊ သင်တန်းများ၊ လက်နက်ပစ္စည်းများနှင့် တိုက်ရိုက်အမိန့်များစသည့် အရေးပါသော အချက်အလက်များကို ပေးနိုင်သည့် စစ်တပ်မှ ထွက်ပြေးခိုလှုံလာသူများ ပါဝင်သည်။

၂၇။ ရှင်းလင်းစစ်ဆင်ရေးများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင်၊ ဖျက်ဆီးခံရသည့် ရိုဟင်ဂျာကျေးရွာများကို အထူး ဦးစားပေးသည်။ ယင်းစုံစမ်းမှုတွင် ရပ်ရွာနေပြည်သူများကို အင်အားသုံး၍ နေရပ်မှဖယ်ရှားခြင်း၊ ထိုမြေများကို စစ်ရေးအခြေစိုက်စခန်းများနှင့် အစိုးရပိုင်အဆောက်အအုံများအဖြစ် ပြန်လည်သုံးစွဲခြင်းများကြောင့် ရိုဟင်ဂျာများနေရပ်ပြန်ရေးနှင့် ၎င်းတို့၏ဘဝ

ပြန်လည်တည်ဆောက်ရေးအတွက် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့ရခြင်းများ ပါဝင်သည်။ ဤစုံစမ်းစစ်ဆေးမှု၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုမှာ လယ်ယာမြေနှင့် အိုးအိမ်များ ဆုံးရှုံးခဲ့ရသည့် ရိုဟင်ဂျာ အသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးစခန်းများ သို့မဟုတ် အစိုးရပိုင်အဆောက်အအုံများ တည်ဆောက်မှုဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ၊ ဂြိုဟ်တုပုံရိပ်နှင့် ပွင့်လင်းရင်းမြစ် အထောက်အထားများ စုဆောင်းခြင်းလည်း ပါဝင်သည်။ ဤအထောက်အထားများကို စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားရေးအာဏာပိုင် အဖွဲ့အစည်းများနှင့် မျှဝေရန် စိစစ်သုံးသပ်ချက်များ ပြင်ဆင်ရာတွင် အခြေခံအဖြစ်အသုံးပြုသွားမည်ဖြစ်ပြီး၊ ယင်းအထောက်အထားများသည် ရိုဟင်ဂျာအသိုင်းအဝိုင်းအတွက် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်သည်။

၂၈။ ယန္တရား၏ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရာတွင်၊ ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်စဉ်ကာလအတွင်း မြန်မာ့လုံခြုံရေးတပ်ဖွဲ့များအား ပစ္စည်းကိရိယာများ ထောက်ပံ့ခဲ့သည့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့တစ်ခုကို အဓိကထားသည့် စိစစ်သုံးသပ်ချက်အစီရင်ခံစာ တစ်စောင်ကို ပြင်ဆင်နိုင်ခဲ့သည်။ ဤအစီရင်ခံစာတွင် သက်သေထွက်ဆိုချက်များ၊ ရုပ်သံအထောက်အထားများ၊ ပွင့်လင်းရင်းမြစ်နှင့် ဆိုရှယ်မီဒီယာပို့စ်များအပြင် စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုနှင့် အကျိုးစီးပွားဆိုင်ရာ အထောက်အထားများကို စုစည်းတင်ပြထားသည်။ ဤအစီရင်ခံစာတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရှင်းလင်းစစ်ဆင်ရေးများတွင် ပံ့ပိုးကူညီခဲ့သော၊ ပါဝင်ဆောင်ရွက်ခဲ့သော စီးပွားရေးလုပ်ငန်များ၊ အကျိုးအမြတ်ရရှိခဲ့သော စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို အထူးသဖြင့် မီးမောင်းထိုးဖော်ပြထားသည်။

## D. အထောက်အထားများမျှဝေခြင်းနှင့် တရားမျှတမှုရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးခြင်း

၂၉။ ယန္တရားက ဆောင်ရွက်နေသည့် စုံစမ်းစစ်ဆေးမှုများ၏ အဓိကရည်မှန်းချက်မှာ နိုင်ငံတွင်းနှင့် နိုင်ငံတကာတရားရေးအာဏာပိုင်များမှတဆင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်နေမှု အဆုံးသတ်ရေးနှင့် ထိခိုက်နစ်နာသူများအတွက် တရားမျှတမှုရရှိရေး ဆောင်ရွက်မှုကို အထောက်အကူပေးရန်ဖြစ်သည်။ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ယန္တရားသည် မိမိ၏လုပ်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများနှင့်သက်ဆိုင်သော အထောက်အထားနှင့် စိစစ်သုံးသပ်ချက်များကို တရားစီရင်ပိုင်ခွင့်ရှိသည့် နိုင်ငံတွင်း သို့မဟုတ် နိုင်ငံတကာတရားရုံးများ သို့မဟုတ် ခုံရုံးများရှိ စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေးအာဏာပိုင်များထံ မျှဝေခြင်းဖြင့် တရားစွဲဆိုမှုများကို ပံ့ပိုးနေသည်။ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်အရ၊ ယန္တရားသည် တရားစွဲဆိုရန်မဟုတ်ဘဲ တရားမျှတမှုရရှိရေးနှင့် နောင်ဖြစ်လာနိုင်သည့် ရာဇဝတ်မှုများကို တားဆီးရန် ရည်ရွယ်ချက်ဖြင့် အချက်အလက်များ မျှဝေခြင်းကို ဆောင်ရွက်နိုင်သည်။ သို့သော်လည်း အမှုတစ်ခုချင်းစီကို မူတည်၍ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။

၃၀။ လျှို့ဝှက်စွာထားရှိမှုနှင့် သဘောတူခွင့်ပြုချက်ဆိုင်ရာ မူဝါဒများနှင့်အညီ၊ ယန္တရားသည် အချက်အလက် ပေးသည့် ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများက တဆင့်ပြန်လည်မျှဝေမည့် အဖွဲ့အစည်းကိုပါ ခွင့်ပြုချက်ပေးကြောင်း သဘောတူညီချက်ရရှိမှသာလျှင် ၎င်းတို့၏အချက်အလက်များကို အာဏာပိုင်များထံ မျှဝေသည်။ အချက်အလက်များ တဆင့်ပြန်လည် မမျှဝေမီ ယန္တရားသည် အဆိုပါအချက်အလက်များတွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၏ လုံခြုံမှုနှင့် ပုဂ္ဂိုလ်ရေးရာအခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရန် စနစ်တကျ အကဲဖြတ်ဆန်းစစ်ခြင်းများ ပြုလုပ်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် ယန္တရား၏ သက်သေများ၊ အချက်အလက်ပေးသူများနှင့် စဉ်ဆက်မပြတ် အဆက်အသွယ်ရှိနေရန် လိုအပ်သည်။ သက်သေများက တိုက်ရိုက်ထွက်ဆိုချက်များပေးရာတွင် လွယ်ကူချောမွေ့စေရန်၊ ထိခိုက်လွယ်သော သက်သေများကို တရားစီရင်ရေးအဖွဲ့အစည်းများက အဖန်တလဲလဲ မေးမြန်းသောကြောင့် သက်သေများအတွက် ဆိုးကျိုးဖြစ်နိုင်ခြင်းကိုလျှော့ချရန် နိုင်ငံတကာရာဇဝတ်ခုံရုံးကဲ့သို့ သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ရအာဏာပိုင်များနှင့် နီးကပ်စွာ ညှိနှိုင်းလုပ်ဆောင်သည်။

၃၁။ အစီရင်ခံကာလအတွင်း၊ ယန္တရားသည် တရားစွဲဆိုရေးလုပ်ငန်းစဉ် (၄) ရပ်ကို ပံ့ပိုးခဲ့သည်။ ၎င်းတို့မှာ– ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို လက်ရှိတရားစွဲဆိုမှုများ လုပ်ဆောင်နေသည့် တရားစွဲဆိုမှု (၃) ရပ်နှင့်၊ ရိုဟင်ဂျာများနှင့် မြန်မာနိုင်ငံရှိ အခြားလူမျိုးစုများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား စစ်ဆေးနေသည့် ယူကေနိုင်ငံ၏ ဆောင်ရွက်ဆဲ တရားရေးလုပ်ငန်းစဉ် (၁) ရပ်တို့ဖြစ်သည်။ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် တရားစွဲဆိုမှုများတွင် ယန္တရားသည် အလွန်များပြားလှသော သက်သေအထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို ဆက်လက်မျှဝေခဲ့သည်။ လက်ရှိဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုနှစ်ရပ်တွင် ပြစ်မှုကျူးလွန်သူများ၏ တစ်ဦးချင်းတာဝန်ရှိမှုကို အာရုံစိုက်သည်။ ဤစုံစမ်းစစ်ဆေးမှုများကို နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေရုံးနှင့် အာဂျင်တီးနား ဖက်ဒရယ်အစိုးရရှေ့နေ၏ ရုံးအမှတ် (၉) တို့မှ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာရာဇဝတ်ခုံရုံးမှ တရားလိုရှေ့နေ၏ ဖမ်းဝရမ်းတောင်းဆိုမှုနှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အာဂျင်တီးနား ဖက်ဒရယ်ရှေ့နေက တင်သွင်းခဲ့သော ဆင့်ခေါ် မိန့်ဝရမ်းလျှောက်ထားမှုများသည် ယန္တရား၏ အားထုတ်မှုများမှ ထွက်ပေါ်လာသော ရလဒ်များဖြစ်သည်။ ယန္တရားက အချက်အလက်များ မျှဝေပေးနေသော တတိယမြောက်တရားစွဲဆိုမှုမှာ နိုင်ငံတကာတရားရုံးတွင် စစ်ဆေးနေသည့် *ဂမ်ဘီယာနှင့်မြန်မာ* အမှုဖြစ်ပြီး ယင်းအမှုသည် လူမျိုးပြုန်းစေမှု ကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာ သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို မြန်မာနိုင်ငံက ချိုးဖောက်သည်ဟု စွပ်စွဲထားသည့် အမှုဖြစ်သည်။ ယင်းတရားစွဲဆိုမှု၏ စာတမ်းတင်သွင်းမှုအဆင့်သည် ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် ပြီးဆုံးခဲ့ပြီး၊ အမှုဆိုင်ရာအချက်အလက်များအား နှုတ်ဖြင့်ကြားနာမှုများကို ၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် စတင်မည်ဟု မျှော်မှန်းရသည်။ ယန္တရားသည် ဤစုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများနှင့်သက်ဆိုင်နိုင်သည့် အချက်အလက်များ၊ သက်သေအထောက်အထားများကို အထူးကြိုးစား ရှာဖွေဖော်ထုတ်လျက်ရှိပြီး၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ အတိအကျတောင်းဆိုလာသည့် အချက်အလက်များနှင့် စိစစ်သုံးသပ်ချက်များကိုလည်း တုံ့ပြန်လျက်ရှိသည်။

၃၂။ ထို့အပြင် ယန္တရားသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရာဇဝတ်မှုများနှင့်သက်ဆိုင်သည့် တိုင်ကြားချက်များကိုလည်း စောင့်ကြည့်လျက်ရှိသည်။ ဤတိုင်ကြားချက်များကို ကမ္ဘာလွှမ်းခြုံ တရားစီရင်ပိုင်ခွင့်အရ နိုင်ငံတွင်းတရားရုံးများတွင် တင်သွင်းထားခြင်းဖြစ်ပြီး၊ ဖိလစ်ပိုင်နှင့် တူရကီနိုင်ငံရှိ တရားရုံးများတွင် တင်သွင်းထားသည့် တိုင်ကြားချက်များလည်း ပါဝင်သည်။ ယန္တရားသည် အနာဂတ်တွင် ဖြစ်နိုင်ခြေရှိသော စုံစမ်းစစ်ဆေးမှုများနှင့် တရားမျှတမှုဆိုင်ရာ အခွင့်အလမ်းများအတွက် အခြားသော တရားစီရင်ပိုင်ခွင့်ရ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်အစီအမံများ စတင် ဆောင်ရွက်လျက်ရှိသည်။ ထူးခြားသည့် မိတ်ဖက်အသစ်တစ်ဖွဲ့မှာ၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေက စုံစမ်းစစ်ဆေးနေသည့်အမှုများနှင့် ထပ်တူပြု၍ ဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်လုပ်ဆောင်သည့် ယူကေနိုင်ငံ၊ မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့မှ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန၏ စစ်ရာဇဝတ်မှု အထူးပြုအဖွဲ့ဖြစ်သည်။ ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများနှင့် သက်ဆိုင်သော အချက်အလက်များကို ယူကေရှိ သက်ဆိုင်ရာအာဏာပိုင်များထံ မျှဝေရန် ပူးပေါင်းဆောင်ရွက်နေသည်။

၃၃။ အနာဂတ်တရားစွဲဆိုမှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်၊ ယန္တရားသည် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ရန် ကြိုးပမ်းသည်။ ထို့အပြင်၊ ယင်းရာဇဝတ်မှုများအတွက် တရားစီရင်ခွင့်အာဏာကို အသုံးချနိုင်စွမ်းလည်းရှိ၊ အသုံးချလိုသည့်ဆန္ဒလည်းရှိသည့် အခြားနိုင်ငံများနှင့်ဆက်စပ်မှုရှိသည့်ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်သည်။ ထို့ကြောင့် ယန္တရားသည် မြန်မာစစ်တပ်က အရပ်သားများကို တိုက်ခိုက်ရာတွင် အသုံးပြုသော လက်နက်နှင့် လေယာဉ်များ၏ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်းများကို အခြေခံသည့် စုံစမ်းစစ်ဆေးမှုနှစ်ခုကို လက်ရှိဆောင်ရွက်နေသည်။

ဤစုံစမ်းစစ်ဆေးမှုများတွင် ငွေကြေးဆိုင်ရာအချက်အလက်များနှင့် ယန္တရားက စုဆောင်းထားသော ရာဇဝတ်မှုအခြေပြု အထောက်အထားများကို ပေါင်းစပ်အသုံးပြုထားသည်။ ဤစုံစမ်းစစ်ဆေးမှုများအတွက် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုမှာ အတွင်းသတင်းသိသက်သေများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် ပွင့်လင်းရင်းမြစ်များနှင့် ဆိုရှယ်မီဒီယာမှ သက်သေခံ အထောက်အထားများကို အသုံးပြုခြင်းဖြင့် အရပ်သားများအားတိုက်ခိုက်မှုကို ထောက်ပံ့ပေးသူများ၊ သို့မဟုတ် အကျိုးအမြတ်ခံစားရသူများဖြစ်သော လက်နက်တင်သွင်းသူများနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများကို ခြေရာခံသုံးသပ်နေသည်။ ဤစုံစမ်းစစ်ဆေးမှုများ၏ ရည်ရွယ်ချက်မှာ စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေး အာဏာရှိအဖွဲ့အစည်းများထံ မျှဝေရန်အတွက် အသုံးပြုနိုင်သော အမှုနှင့်သက်ဆိုင်သည့် ဖိုင်တွဲများကို ပြင်ဆင်ရန် ဖြစ်သည်။ အာဏာသိမ်းပြီးနောက် ဖြစ်ပွားခဲ့သည့်ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့်အချက်အလက်များကို ဗြိတိန် တရားရေးအာဏာပိုင်အဖွဲ့တစ်ခုက လတ်တလောတောင်းဆိုခဲ့သောကြောင့် ယန္တရားသည် ထိုတောင်းဆိုမှုကို တုံ့ပြန်ဆောင်ရွက်ခဲ့သည်။

## E. အထောက်အထားများ စုဆောင်းခြင်း၊ စိစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းလမ်းများ

### အထောက်အထားများ စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း

၃၄။ ရာဇဝတ်မှုဖြစ်ပွားသည့်နေရာများသို့ ဝင်ရောက်ခွင့်မရခြင်းနှင့် သက်သေများနှင့် ဆက်သွယ်ရန် အခက်အခဲများရှိသော်လည်း၊ ယန္တရားသည် အချက်အလက်များနှင့် သက်သေ အထောက်အထား အများအပြားကို ဆက်လက်စုဆောင်းနိုင်ခဲ့သည်။ ယန္တရားသည် ယခုအချိန်အထိ အရင်းအမြစ်နှင့် အချက်အလက် ထောက်ပံ့သူပေါင်း ၁,၃၀၀ နီးပါးထံမှ သန်းနှင့်ချီသော အချက်အလက်နှင့် အထောက်အထားများကို စိစစ်သုံးသပ်ခဲ့ပြီး၊ အစီရင်ခံကာလအတွင်း သိန်းနှင့်ချီသော အချက်အလက်များ ထပ်မံရရှိခဲ့သည်။ ယန္တရားသည် မိမိတို့လုပ်ငန်းများ၏ ဖြောင့်မတ်မှန်ကန်မှု၊ ယန္တရားနှင့် ထိတွေ့ဆက်ဆံသူအားလုံး၏ လုံခြုံမှုကို ကာကွယ်ရန်အတွက် လျှို့ဝှက်စွာထိန်းသိမ်းမှုနှင့် သဘောတူခွင့်ပြုချက်ဆိုင်ရာ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သည်။

၃၅။ အထောက်အထားစုဆောင်းခြင်းနှင့်ပတ်သက်၍ ယန္တရားသည် သမားရိုးကျ စုံစမ်းစစ်ဆေးမှုနည်းလမ်းများတွင် ခေတ်မီစုံစမ်းစစ်ဆေးရေးနည်းပညာများကို ပေါင်းစပ်အသုံးပြု သည်။ ယန္တရားသည် ကြီးလေးသော ရာဇဝတ်မှုများကြုံတွေ့ခဲ့ရသည့် သက်သေများ၏ ကိုယ်တွေ့ဖြစ်ရပ်များ ပါဝင်ပြီး ၎င်းတို့ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် ထွက်ဆိုချက်များမှအစ၊ ဆိုရှယ်မီဒီယာ၊ ပွင့်လင်းရင်းမြစ်နှင့် ငွေကြေးဆိုင်ရာအချက်အလက်များကို စုဆောင်းခြင်း၊ အတည်ပြုခြင်းနှင့် စိစစ်သုံးသပ်ခြင်းအထိ အမျိုးမျိုးသော သက်သေအထောက်အထားများကို စုဆောင်းသည်။ သက်သေများနှင့် အချက်အလက်ရင်းမြစ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံအာဏာပိုင်များ၊ နိုင်ငံတကာအဖွဲ့အစည်းအမျိုးမျိုးနှင့် စီးပွားရေးအဖွဲ့များနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းများအပါအဝင် အမျိုးမျိုးသောနည်းလမ်းများဖြင့် အထောက်အထားများကို စုဆောင်းသည်။ ယန္တရား၏ အထောက်အထား စုဆောင်းမှုလုပ်ငန်းစဉ်များသည် ခေတ်မီဆန်းသစ်သော ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးရေးနည်းစနစ်များ ကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် သိသိသာသာ အားကောင်းလာခဲ့သည်။ ယင်းနည်းစနစ်များတွင် ပြည်သူ လူထုထံ ထုတ်ပြန်သော ကြေညာချက်များကို စိစစ်သုံးသပ်ခြင်း၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာများကို စောင့်ကြည့်ခြင်း၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ ဂြိုဟ်တုပုံရိပ်များကို အတည်ပြုခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့ ပါဝင်သည်။ ပွင့်လင်းရင်းမြစ် အချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်မှု၊ ယန္တရား၏ မှုခင်းဖြစ်ရာနေရာများသို့ တိုက်ရိုက်ဝင်ရောက်ခွင့် ကန့်သတ်ခံရမှု၊ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများရှိနေသောကြောင့် ပွင့်လင်းရင်းမြစ်အထောက်အထားများသည် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများအတွက် မရှိမဖြစ် အရေးပါသည်။

၃၆။ ယန္တရားသည် အထောက်အထားများစုဆောင်းရာတွင် ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်နည်းကို အသုံးပြုလျက်ရှိပြီး ဦးစားပေးအခြေအနေနှင့် ဖြစ်စဉ်များရှိ အချက်အလက်နှင့် အထောက်အထားများ၊ မြန်မာနိုင်ငံနှင့်သက်ဆိုင်သော နောက်ခံအခြေအနေနှင့် ခြုံငုံသုံးသပ်ချက်များ၊ ပြစ်မှုကျူးလွန်သည်ဟုသံသယရှိသူများ၊ အဖွဲ့များနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အချက်အလက်များကို အဓိကထား စုဆောင်းသည်။ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်အရ၊ မြန်မာနိုင်ငံတွင် ကျူးလွန်သော ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများနှင့်သက်ဆိုင်သည့် ပြစ်မှုမြောက်နိုင်သော အထောက်အထားရော၊ ပြစ်မှုကင်းလွတ်စေနိုင်သော အထောက်အထားများကိုပါ သက်ဆိုင်ရာ အဖွဲ့များအားလုံးထံမှ ရှာဖွေစုဆောင်းသည်။ ယန္တရားသည် သက်သေများ၊ အချက်အလက်ရင်းမြစ်များ၊ အထောက်အထားပေးသူများနှင့် ဆက်ဆံဆောင်ရွက်သော လုပ်ငန်းစဉ်များအတွင်း၊ အထူးသဖြင့် ထိခိုက်နစ်နာသူဗဟိုပြု၊ ဂျင်ဒါရှုထောင့်အမြင်နှင့် စိတ်ဒဏ်ရာများကိုသတိပြုသည့် ချဉ်းကပ်ပုံများကို ယန္တရား၏ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် စနစ်များ၏ အခြေခံကျ ချဉ်းကပ်ပုံအဖြစ် အသုံးချနိုင်စေရန် ကြိုးပမ်းသည်။

၃၇။ ယန္တရားသည် ရာဇဝတ်မှုများတည်ဆောက်ရာတွင် အဓိကအရေးပါသော သက်သေများ၏ တိုက်ရိုက်အတွေ့အကြုံ၊ ထွက်ဆိုချက်အထောက်အထားများ စုဆောင်းခြင်းကို အထူးအလေးထား ဆောင်ရွက်သည်။ ဤသို့ဖြင့်၊ စုံစမ်းစစ်ဆေးရေးမစ်ရှင်များအတွင်း တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်းနှင့် တန်ဖိုးရှိသော၊ သက်သေအထောက်အထားအဖြစ်အသုံးပြုနိုင်သော အချက်အလက်များကို စုဆောင်းခြင်းသည် ယန္တရား၏ အထောက်အထားစုဆောင်းရေးလုပ်ငန်းစဉ်အတွက် မရှိမဖြစ် အရေးပါသောအစိတ်အပိုင်း ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးမစ်ရှင်များတွင် ထိခိုက်နစ်နာသူများ၊ သက်သေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အခြားဆက်စပ်ပါဝင်သူများနှင့် တိုက်ရိုက်တွေ့ဆုံခြင်းများ ပါဝင်သည်။ အကြောင်းအရာ အသေးစိတ်ပါဝင်ပြီး လက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်များနှင့် အခြားအထောက်အထားပစ္စည်းများကို လုံခြုံစွာစုဆောင်းကာ ယန္တရား၏ အီလက်ထရွန်နစ်အချက်အလက်စီမံခန့်ခွဲမှုစနစ်သို့ လျှို့ဝှက်ကုဒ်ဖြင့် လွှဲပြောင်းပေးပို့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အချက်အလက်များနှင့် အချက်အလက်ပေးသူများ၏ လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များကို ကာကွယ်ပေးနိုင်သည်။ ယန္တရားသည် ယနေ့အထိ သက်သေထွက်ဆိုချက်နှင့် စိစစ်ချက်မှတ်စုပေါင်း ၅၉၀ ကျော်စုဆောင်းပြီးဖြစ်သည်။ ထို့အပြင် ယန္တရားသည် ရင်းမြစ်အမျိုးမျိုး နှင့် သဲလွန်စလမ်းကြောင်းမျိုးစုံမှရရှိသော အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စုံစမ်းစစ်ဆေးချက် မှတ်စုပေါင်း ၅၀၀ ကျော်ကို ပြင်ဆင်ထားပြီးဖြစ်သည်။

**အထောက်အထားများအား စိစစ်သုံးသပ်ခြင်းနှင့် မျှဝေခြင်း**

၃၈။ ယန္တရားသည် စိစစ်သုံးသပ်ခြင်းနှင့် မျှဝေခြင်းဆိုင်ရာနည်းလမ်းများ ပိုမိုအားကောင်းစေရန် မွမ်းမံပြင်ဆင်ခဲ့သည်။ ယန္တရား စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ ယခုအခါတွင် အထောက်အထား ၁.၂ သန်းကျော်ပါဝင်သော ဖိုင်တွဲ ၁၂၀ ကို ပြင်ဆင်ပြီးစီးခဲ့ပြီး၊ ထိုဖိုင်တွဲများတွင် အထောက်အထားများ၊ အချက်အလက်များအား အတည်ပြုချက်များနှင့် သုံးသပ်ချက်များပါဝင်ကာ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အာဏာပိုင်များထံ မျှဝေခဲ့ပြီးဖြစ်သည်။ ထို့အပြင်၊ ယန္တရားသည် အထောက်အထား အချက်အလက်များ၏ ပမာဏတိုးများလာမှုနှင့် ဒီဂျစ်တယ်နည်းပညာအသွင်အပြင်များ ပြောင်းလဲမှုတို့နှင့် လိုက်လျောညီထွေဖြစ်စေရန် နည်းပညာသစ်များကို အဆက်မပြတ် အသုံးပြုလျက်ရှိသည်။ အလိုအလျောက်စနစ်များ၊ ဉာဏ်ရည်တုနည်းပညာနှင့် လုံခြုံရေးအထောက်အကူပြု ကိရိယာနှင့် နည်းပညာများတွင် တိုးတက်မှုများရှိလာသောကြောင့် စုဆောင်းရရှိထားသော အထောက်အထားများကို အလွယ်တကူရှာဖွေ အသုံးပြုနိုင်ခြင်း၊ သက်သေအထောက်အထားပစ္စည်းများကို ယန္တရား၏ လုပ်ပိုင်ခွင့်အတိုင်း အနာဂတ်တရားရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် ထိန်းသိမ်းသိုလှောင်ထားနိုင်ခြင်းဖြင့် စိစစ်သုံးသပ်မှုစွမ်းရည်များကို ပိုမိုအားကောင်းစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

၃၉။ ဥပမာအားဖြင့်၊ ယန္တရားသည် အမှုနှင့်သက်ဆိုင်သော အထောက်အထားများထဲမှ အချက်အလက်များကို စနစ်တကျ ထုတ်နုတ်၊ စုစည်းနိုင်ရန်နှင့် မှတ်သားရှင်းလင်းချက်များ ဖြည့်စွက်နိုင်ရန် လုပ်ဆောင်သည့် အမှုစိစစ်သုံးသပ်ရေးစနစ်တစ်ခုကို ဖန်တီးခဲ့သည်။ အမှုစိစစ်သုံးသပ်ရေးစနစ်သည် ရာဇဝတ်မှုများကို သက်သေပြနိုင်ရန်အတွက် လိုအပ်သော အဓိက ဥပဒေရေးရာနှင့် အချက်အလက်များ ပါဝင်သည့် ကျစ်လစ် ပြည့်စုံသော ဖိုင်တွဲများပြုစုနိုင်ရန် အထောက်အကူပြုသည်။ ယန္တရားသည် ကွန်ပျူတာမြင်ကွင်းနည်းပညာကိုအသုံးပြုသည့် ကိရိယာတစ်ခုကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ ဤကိရိယာသည် ဓာတ်ပုံများနှင့် ဗီဒီယိုများတွင်ပါရှိသည့် လက်နက်များ၊ အမှတ်အသားများ သို့မဟုတ် စိတ်ထိခိုက်ဖွယ်/ကြမ်းတမ်းသောအကြောင်းအရာများကို အလိုအလျောက် စစ်ဆေးဖော်ထုတ်ပေးပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့များ တဆင့်ခံစိတ်ဒဏ်ရာဖြစ်စေနိုင်သည့် အကြောင်းအရာများနှင့် ထိတွေ့မှုကို လျှော့ချပေးသည်။

၄၀။ ယန္တရား၏စုံစမ်းစစ်ဆေးမှုများကို အထိရောက်ဆုံးဖြစ်စေရန်အတွက် ဒီဂျစ်တယ် အမှတ်အသားများကို ခြေရာခံနိုင်သည့်စနစ်တစ်ခုကိုလည်း တည်ဆောက်လျက်ရှိသည်။ ဤစနစ်သည် သံသယရှိဖွယ်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်များနှင့် အင်တာနက် IP လိပ်စာများ၊ အီးမေးလ်လိပ်စာများ၊ ဖုန်းခေါ်ဆိုမှုမှတ်တမ်းများ၊ ဆိုရှယ်မီဒီယာ အချက်အလက်များနှင့် ပွင့်လင်းရင်းမြစ်များမှ ရရှိသော အချက်အလက်များကဲ့သို့သော အင်တာနက်ပေါ်ရှိ လုပ်ဆောင်ချက်များအကြား ဆက်နွှယ်မှုများကို နှိုင်းယှဉ်လေ့လာနိုင်ရန် ရည်ရွယ်သည်။ ယန္တရားသည် အချက်အလက်စုဆောင်းရေး လုပ်ငန်းဆောင်ရွက် မှုများ၊ အချက်အလက်ရင်းမြစ်များနှင့် ထိတွေ့ဆက်ဆံမှုများအပြင်၊ ပုဂ္ဂလိကစီးပွားရေးများအားအထူးပြုသည့် ထောက်လှမ်းရေးကိရိယာများနှင့် ငွေကြေးဆိုင်ရာထောက်လှမ်းမှုကိရိယာများမှရရှိသော အချက်အလက်များကို အသုံးချခြင်းအားဖြင့် အမှုနှင့်ဆက်စပ်သည့် ငွေကြေးရွှေ့ပြောင်းမှုများနှင့် ပိုင်ဆိုင်မှုများကို ဖော်ထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ဤကြိုးပမ်းမှုများသည် အမိန့်အာဏာစီးဆင်းသည့်ပုံစံများနှင့် ငွေကြေးထောက်ပံ့မှုရင်းမြစ်များကို ပိုမိုနားလည်လာစေရန် အထောက်အကူဖြစ်စေပြီး၊ စုံစမ်းစစ်ဆေးရေး ဦးစားပေးချက်များနှင့် စုံစမ်းစစ်ဆေးမှုလမ်းကြောင်းများအတွက် စိစစ်သုံးသပ်မှုများဖြင့် အားဖြည့်ပေးနိုင်ခဲ့သည်။

၄၁။ မြန်မာနိုင်ငံတွင် ဘာသာစကားအမျိုးမျိုးကွဲပြားပြီး၊ စကားပေါင်း ၁၀၀ ကျော်ပြောဆိုကြသောကြောင့်၊ ယန္တရားသည် ဘာသာပြန်ဆိုရေးအတွက် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ဘာသာစကားနှင့်စာရေးစနစ်ဆိုင်ရာ ရှုပ်ထွေးမှုများကြောင့် အထောက်အထားများကို စီမံဆောင်ရွက်ခြင်းနှင့် စိစစ်သုံးသပ်ခြင်းလုပ်ငန်းများတွင်လည်း ကြီးမားသည့်စိန်ခေါ်မှုများ ရှိနေသည်။ စုဆောင်းရရှိသော အထောက်အထားအများစုမှာ မြန်မာဘာသာဖြင့်ရေးသားထားပြီး ၎င်းတို့တွင် မတူညီသော စာလုံးကုဒ်စနစ် (စကားလုံးများကို နံပါတ်များဖြင့် အစားထိုးသတ်မှတ်ခြင်း) နှင့် ဖိုင်ဖော်မတ်အမျိုးမျိုး တို့ဖြင့်ရှိနေသည်။ အထောက်အထားများကို ထိရောက်စွာ စိစစ်သုံးသပ်နိုင်ဖို့ရာ၊ ဤဘာသာစကားဆိုင်ရာရှုပ်ထွေးမှုများကို ထိရောက်ပြီး အချိန်နှင့်တပြေးညီ ဘာသာပြန်ဆိုနိုင်မှုနှင့် အနက်ဖွင့်ဆိုနိုင်မှု စွမ်းရည်များလိုအပ်သည်။ ယန္တရားသည် စကင်ဖတ်ထားသောစာသားများ သို့မဟုတ် ဓာတ်ပုံရိုက်ထားသည့် စာရွက်စာတမ်းများကို ကွန်ပျူတာတွင်ဖတ်ရှုနိုင်သော စာသားအဖြစ်ပြောင်းလဲပေးသည့် အမြင်ဖြင့်စကားလုံးမှတ်သားခြင်းနည်းပညာကိုလည်း အသုံးပြုသည်။ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အဆင်သင့် ဘာသာပြန်ဆိုနိုင်သည့် နည်းပညာများ အားနည်းနေသောကြောင့် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုပြီး စက်ဖြင့်ဘာသာပြန်ဆိုနိုင်ရန်ကိုလည်း အားစိုက်ပြီး သုတေသနပြု စမ်းသပ်လျက်ရှိသည်။

## III. ပူးပေါင်းဆောင်ရွက်မှု၊ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေးလုပ်ငန်းများတွင် တိုးတက်မှု

### A. အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၄၂။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများဆိုင်ရာ အချက်အလက်နှင့် အထောက်အထားများ စုဆောင်းနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ထိခိုက်နစ်နာသူများအပါအဝင် အဖွဲ့အစည်းများစွာ၏ ပူးပေါင်းဆောင်ရွက်မှုကို အထူးလိုအပ်သည်။ သက်ဆိုင်ရာ မိတ်ဖက်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ရည်ရွယ်၍၊ ယန္တရားသည် ဂျီနီဗာ၊ နယူးယောက်နှင့် အခြားမြို့တော်များရှိ အဖွဲ့ဝင်နိုင်ငံများ၊ အရေးပါသည့်အဖွဲ့များနှင့် အဆင့်မြင့်ဆွေးနွေးပွဲများတွင် တွေ့ဆုံကာ တိုင်ပင်ညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဤဆက်ဆံရေးလုပ်ငန်းစဉ်များကြောင့် ယန္တရား၏ လုပ်ငန်းများအကြောင်း ကျယ်ကျယ်ပြန့်ပြန့် မျှဝေနိုင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေများတွင် အထောက်အထားစုဆောင်းခြင်းနှင့် သက်သေများအား တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု စီမံချက်များကို ရှေ့ဆက်တိုးချဲ့နိုင်ခဲ့သည်။

၄၃။ ယန္တရားသည် မြန်မာစစ်တပ်နှင့် နိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့များကို ဆက်သွယ်ပြီး အချက်အလက် တောင်းခံမှုများကို ဆက်လက်လုပ်ဆောင်သည်။ ယင်းသို့ ဆက်သွယ်တောင်းခံရခြင်းမှာ လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံအား ယန္တရားနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။ ယနေ့အထိ ယန္တရားသည် မြန်မာအာဏာပိုင်များထံသို့ ၎င်းတို့လက်ဝယ်ရှိအချက်အလက်များမျှဝေရန်နှင့် မြန်မာနိုင်ငံနယ်မြေများအတွင်း ဝင်ရောက်ခွင့်ပေးရန် တောင်းဆိုမှု အကြိမ်နှစ်ဆယ်ကျော် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယန္တရားသည် စစ်တပ်အာဏာပိုင်များနှင့် အခြားသောလက်နက်ကိုင်အဖွဲ့များထံမှ စွပ်စွဲခံရသည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သောအချက်အလက်များ (စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် ဒဏ်ခတ်အရေးယူမှုများ) ကိုလည်း တောင်းဆိုခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရက ၎င်းတို့ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မျှဝေခဲ့သော်လည်း၊ မြန်မာစစ်တပ်နှင့် အခြားလက်နက်ကိုင်အဖွဲ့များထံမှ မည်သည့်တုံ့ပြန်မှုမျှ မရသေးပေ။

၄၄။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ယန္တရား၏ အကြီးအကဲသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး ဒါကာမြို့တွင် အစိုးရအရာရှိများနှင့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ကော့ဇ်ဘာဇားရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းနှင့်လည်း တွေ့ဆုံခဲ့သည်။ ဤခရီးစဉ်သည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ ယန္တရား၏ လက်ရှိ စုံစမ်းစစ်ဆေးမှုများ၊ တာဝန်ခံမှုရရှိရေးလုပ်ငန်းစဉ်များ၏ လတ်တလောအခြေအနေများနှင့် နယ်စပ်တဖက်ရှိ ရခိုင်ပြည်နယ်အတွင်း ပြောင်းလဲနေသည့်အခြေအနေများကို အဓိကထားဆွေးနွေးခဲ့သည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် "မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်နှင့် အခြားလူနည်းစုများ၏ အခြေအနေဆိုင်ရာ အဆင့်မြင့်ညီလာခံ" ကျင်းပမည်ဖြစ်ရာ (ဤအစီအစဉ်သည် အထွေထွေညီလာခံ၏ ၇၉ ကြိမ်မြောက် အစည်းအဝေးမှ ပေါ်ထွက်လာခြင်းဖြစ်သည်) ယန္တရားသည် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းရှိ လူမှုအသိုင်းအဝိုင်းများအတွက် ရေရှည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရန် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး ကိစ္စရပ်များကို ဖြေရှင်းရန် အလွန်အရေးကြီးကြောင်း အလေးအနက် ဖော်ပြခဲ့သည်။ ယန္တရား၏အကြီးအကဲသည် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆက်လက်ပံ့ပိုးမှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အထူးသဖြင့် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများကို အထောက်အကူပေးခြင်းနှင့် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသော ကော့ဇ်ဘာဇားရှိ ရိုဟင်ဂျာဒုက္ခသည်များထံ ဝင်ရောက်ခွင့်ပေးခြင်းတို့အတွက် အထူးကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။ တာဝန်ခံမှုနှင့်

တရားမျှတမှုဆိုင်ရာလုပ်ငန်းစဉ်များ တိုးတက်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်၏ ပူးပေါင်းဆောင်ရွက်မှုသည် ဆက်လက်အရေးပါဆဲဖြစ်သည်။

၄၅။ မြန်မာနိုင်ငံတွင် မြင့်တက်နေသော အကြမ်းဖက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို အဆုံးသတ်လိုသည့် အဖွဲ့ဝင်နိုင်ငံအားလုံးအား ဤပြစ်မှုများအတွက် တရားမျှတမှုရရှိ ရေးအတွက် ကြိုးပမ်းနေသော ယန္တရား၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆက်လက် တိုက်တွန်းလျက်ရှိသည်။ အကြီးလေးဆုံးသော ရာဇဝတ်မှုများကို ကျူးလွန်သူများသည် ၎င်းတို့အား မည်သည့်အခါမှ အပြစ်မပေးနိုင်ဟု ယုံကြည်နေပါက၊ အကြမ်းဖက်မှုရပ်တန့်ရေး တောင်းဆိုချက်များသည် အကျိုးသက်ရောက်မှု မရှိသလောက်ပင်ဖြစ်သည်။ ယန္တရား၏ စုံစမ်းစစ်ဆေးရေးအဖွဲ့များ နိုင်ငံတွင်းသို့ဝင်ရောက်ကာ သက်သေများအား တွေ့ဆုံမေးမြန်းနိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ကြိုးစားလျက်ရှိသည်။ ဤသို့သော ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့ခြင်းသည် ယန္တရားအတွက် အလွန်အရေးကြီးသည့် ဦးစားပေးကိစ္စတစ်ရပ်ဖြစ်ဆဲဖြစ်ပြီး၊ အထူးသဖြင့် အထောက်အထားများနှင့်သက်သေအများစုရှိနေသည့် အာရှပစိဖိတ်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို အချို့သောအဖွဲ့ဝင်နိုင်ငံများတွင် တိုးချဲ့လုပ်ဆောင်နိုင်ရန် မျှော်လင့်ထားပြီး၊ အဆိုပါနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ညှိနှိုင်းရာတွင် တိုးတက်မှုများ ရရှိနေသည်။

၄၆။ သက်သေထွက်ဆိုချက်များနှင့် စာရွက်စာတမ်းအထောက်အထားများကို အဖွဲ့ဝင်နိုင်ငံများ၏ နယ်နိမိတ်အတွင်း စုဆောင်းနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုရရန် ကြိုးပမ်းရာတွင်၊ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ရုံးတွင်းအကဲဖြတ်လေ့လာမှုမှ ရရှိခဲ့သည့် သင်ခန်းစာ များနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို အသုံးပြုသည်။ အကဲဖြတ်လေ့လာမှု၏ တွေ့ရှိချက်များသည် နိုင်ငံအာဏာပိုင်များနှင့် ပုံမှန်တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန် အရေးကြီးပုံကို ထောက်ပြခဲ့သည်။ ယခုအချိန်ထိ အဖွဲ့ဝင်နိုင်ငံများရှိ အဖွဲ့အမျိုးမျိုးနှင့် ပြုလုပ်နေသည့် ပူးပေါင်းဆောင်ရွက်မှုပေါင်း တစ်ဒါဇင်ကျော်ကို ပိုမိုတိုးတက်စေရန်အတွက် လက်တွေ့ကျပြီး ပြောင်းလဲရလွယ်သည့် ချဉ်းကပ်နည်းများသည်လည်း အရေးပါကြောင်း ထောက်ပြခဲ့သည်။ ဤသုံးသပ်မှုမှတဆင့် ယန္တရားသည် ထိရောက်မှုမြှင့်တင်နိုင်သည့်ကဏ္ဍများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းကဏ္ဍများတွင် နှစ်ဖက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို တက်တက်ကြွကြွ ရှာဖွေခြင်း၊ ပူးပေါင်းဆောင်ရွက်မှု မရရှိနိုင်သည့်အခြေအနေများတွင် အခြားရွေးချယ်စရာနည်းလမ်းများ ကျင့်သုံးခြင်း၊ အဖွဲ့ဝင်နိုင်ငံများထံမှ အကူအညီတောင်းခံမှုများ လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်စေရန် မွမ်းမံခြင်းတို့ ပါဝင်သည်။

၄၇။ အစီရင်ခံကာလအတွင်း ယန္တရား၏ လုပ်ပိုင်ခွင့်နှင့်သက်ဆိုင်သည့် အချက်အလက်များရှိသော သို့မဟုတ် ယန္တရား၏အခြားဆောင်ရွက်ချက်များကို အထောက်အပံ့ပေးနိုင်သော အခြားသော ကုလသမဂ္ဂဌာနများ၏ ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်အားထား နေသည်။ လူ့အခွင့်အရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များ၊ တာဝန်သတ်မှတ်ချက်များနှင့်အညီ ယန္တရားသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးလုပ်ပိုင်ခွင့်တာဝန်အသီးသီးကို မြှင့်တင်ရန် လုပ်ဆောင်သည်။ ဤသို့ဆောင်ရွက်ရာတွင် ယန္တရားအနေဖြင့် မြန်မာနိုင်ငံတွင်ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများကို နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ OHCHR အနေဖြင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ အချက်အလက်ရှာဖွေခြင်း၊ စောင့်ကြည့်ခြင်း၊ မှတ်တမ်းပြုစုခြင်း၊ တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သည်။ ယန္တရားနှင့် OHCHR တို့ကြား နားလည်မှုစာချွန်လွှာ (MoU) ကို အခြေခံကာ အချက်အလက်ဖလှယ်ခြင်းနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သည်။ မြန်မာနိုင်ငံ၌ ကုလသမဂ္ဂစနစ်လည်ပတ်ရာတွင် ရင်ဆိုင်နေရသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ ကို

အပြည့်အဝ သိရှိနားလည်ပြီး၊ ယန္တရားအနေဖြင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံမှုကို အထူး တန်ဖိုးထားသည်။

## B. အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဒိုင်ယာလော့နှင့် လူထုဆက်ဆံရေးလုပ်ငန်းများ

၄၈။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ အထောက်အထားများ စုဆောင်းခြင်းနှင့် ပြစ်ဒဏ်ကင်းလွတ်နေမှုကိုအဆုံးသတ်ရန် ဆောင်ရွက်ချက်များ အကြောင်းကို အဓိကကျသော မိတ်ဖက်များအား အသိပေးရန် အလွန်အရေးကြီးသည်ဟု ယုံကြည်သည်။ ဤပြစ်မှုများကြောင့် ထိခိုက်နစ်နာသူများအနေဖြင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို မှတ်တမ်းတင်ရန်နှင့် ဒုက္ခခံစားခဲ့ရသူများအတွက် အတိုင်းအတာတစ်ခုအထိ တရားမျှတမှုရရှိစေရန် ကြိုးပမ်းအားထုတ်မှုများ ရှိနေကြောင်းသိရှိရန် အလွန်အရေးကြီးသည်။ ထို့အပြင်၊ ယန္တရားသည် အထောက်အထားများကို စနစ်တကျ စုဆောင်းနေပြီး၊ တာဝန်ရှိသူများအား တနေ့တချိန်တွင် တာဝန်ခံမှုရှိစေမည်ဖြစ်ကြောင်းကို ရာဇဝတ်မှုများကျူးလွန်နိုင်ဖွယ်ရှိသူများအနေနှင့် သိရှိထားရန်လည်း အလားတူ အရေးကြီးသည်။ အကျိုးဆက်အနေဖြင့်၊ ယန္တရား၏ ရှုပ်ထွေးသောလုပ်ပိုင်ခွင့်များ၊ လုပ်ငန်းလည်ပတ်မှုနည်းလမ်းများ၊ စွမ်းဆောင်နိုင်မှုနှင့် ကန့်သတ်ချက်များအကြောင်းကို မိတ်ဖက်အဖွဲ့အစည်းများ နားလည်သဘောပေါက်စေရန်အတွက် ဆက်သွယ်ရေးလမ်းကြောင်း အမျိုးမျိုးကို အသုံးပြုကာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံရန် ကြိုးစားသည်။ ယန္တရားသည် လူထုဆက်ဆံရေးလုပ်ငန်းနှင့် ဒိုင်ယာလော့ဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ပြီး ဘက်မလိုက်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ယန္တရား၏အခန်းကဏ္ဍအား ယုံကြည်မှုတိုးမြှင့်ရန် ရည်ရွယ်ကာ ယန္တရား၏စုံစမ်းစစ်ဆေးမှုများအတွက် ပိုမိုကျယ်ပြန့်သော ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရရှိစေရန် ကြိုးပမ်းသည်။ ဤအစီရင်ခံကာလအတွင်း ယန္တရား၏ ဝဘ်ဆိုဒ်အသစ်လွှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် အသုံးပြုသော ဘာသာစကားမျိုးစုံဖြင့် လူထုဆက်ဆံရေးစာစောင်များ ထုတ်ဝေခြင်းအပါအဝင် အဓိကကျသည့် လူထုဆက်ဆံရေးလုပ်ဆောင်ချက်များကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

၄၉။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ယန္တရားအား အထောက်အပံ့ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ယင်းတို့သည် တန်ဖိုးရှိသောအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများ၊ သက်သေများနှင့်ဆက်သွယ်နိုင်ရေးနှင့် စုံစမ်းစစ်ဆေးရန် သဲလွန်စများရရှိရေးကို ပံ့ပိုးပေးလျက်ရှိသည်။ ဤအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယန္တရား၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းလည်ပတ်ပုံ နည်းလမ်းများကို ရှင်းပြနိုင်ရုံသာမက၊ မြေပြင်တွင် လုပ်ကိုင်နေကြသူများ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် လက်တွေ့ အခြေအနေများကို ပိုမိုသိရှိ နားလည်လာသည်။

၅၀။ ဤအစီရင်ခံကာလအတွင်း၊ ယန္တရားသည် တတိယအကြိမ်မြောက် မြန်မာနိုင်ငံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများဒိုင်ယာလော့ကို ကျင်းပခဲ့သည်။ ဤဒိုင်ယာလော့သည် မြန်မာနိုင်ငံသား များအတွက် တာဝန်ယူမှုနှင့် တရားမျှတမှုရရှိရေး လုပ်ဆောင်နေသည့် မတူကွဲပြားသော လူမှုအသိုင်းအဝိုင်း များရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်း ၂၀ မှ ကိုယ်စားလှယ်များနှင့် ယန္တရား၏ဝန်ထမ်းများ တိုက်ရိုက် တွေ့ဆုံဆွေးနွေးကြသည့် အဖိုးတန်အခွင့်အလမ်းတစ်ရပ် ဖြစ်ခဲ့သည်။ နှစ်စဉ်ကျင်းပသော ဤအစည်းအဝေးသည် ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အကြံပြုချက်များကို ဆွေးနွေးရန်၊ အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှုတိုးမြှင့်ရန်အတွက် လူချင်းတွေ့ဆုံဆွေးနွေးနိုင်သည့် နေရာတစ်ခု ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ငွေကြေးအရင်းအမြစ် မလုံလောက်ခြင်း၊ စိတ်ဒဏ်ရာများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေခြင်းနှင့် လုံခြုံရေးအန္တရာယ် မြင့်တက်လာခြင်းများကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို မျှဝေခဲ့ကြသည်။ ထို့အပြင် ယန္တရားအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မည်သို့ပြုပြင်ပြောင်းလဲနိုင်သည်ဆိုသည့် အဖိုးတန်အကြံပြုချက်များကိုလည်း

ပေးခဲ့ကြသည်။ အစည်းအဝေးမကျင်းပမီတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သာ ယန္တရား၏လုပ်ပိုင်ခွင့်များကို သေသေချာချာနားလည်ကြောင်း ပြောကြသည်။ အစည်းအဝေးပြီးဆုံးသည့်အခါတွင် ယင်းနားလည်မှုသည် ၈၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာခဲ့ပြီး၊ ပါဝင်သူအားလုံးက ယန္တရားနှင့် အနာဂတ်တွင်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။ ပါဝင်သူများစွာအတွက် မြန်မာနိုင်ငံအရပ်ဘက်လူမှုအဖွဲ့အစည်းများဒိုင်ယာလော့သည် မတူညီသော လူမျိုးစုများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး အမြင်များဖလှယ်နိုင်သည့် အထူးအခွင့်အလမ်းတစ်ရပ်ဖြစ်ခဲ့ပြီး၊ ဤအစီအစဉ်သို့ တက်ရောက်ခဲ့ကြသော အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးလာခဲ့သည်။

၅၁။ ထို့အပြင် ယန္တရားသည် အွန်လိုင်းနှင့် လူကိုယ်တိုင်တက်ရောက်သည့် အခမ်းအနားများနှင့် အစည်းအဝေးပေါင်း ၃၃ ခု တွင် ပါဝင်ခြင်းဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အဓိပ္ပါယ်ရှိရှိ အပြန်အလှန် ဆက်သွယ်နိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့စဉ် ယန္တရား၏ အကြီးအကဲသည် ကော့စ်ဘာဇားရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာအခွင့်အရေးလှုပ်ရှားသူ ၁၀၀ ကျော်အပါအဝင်၊ လူမှုအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဤတွေ့ဆုံမှုများတွင် ယန္တရားအကြီးအကဲသည် မိတ်ဖက်အဖွဲ့အစည်းများအား ယန္တရား၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတိုးတက်မှု၊ တာဝန်ယူမှုရရှိရေးလုပ်ငန်းများ၏ နောက်ဆုံးအခြေအနေများကို အသိပေးခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဆက်လက်ဖြစ်ပေါ်နေသော ရာဇဝတ်မှုများအတွက် တာဝန်ယူမှုရရှိရေးနှင့်ပတ်သက်သည့် အဓိကမေးခွန်းများကို ဖြေကြားခဲ့သည်။ ထို့အပြင် တရားမျှတမှုရရှိရေး အလားအလာများအကြောင်းကိုလည်း ဆွေးနွေးခဲ့သည်။ ယန္တရားသည် မြောက်အမေရိကတိုက်ရှိ ပြည်ပရောက် မြန်မာအသိုင်းအဝိုင်းများထံသို့ လူကိုယ်တိုင်ရှင်းလင်းတင်ပြမှုများ ပြုလုပ်ခဲ့ပြီး၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကဲ့သို့သော အထူးပြုကိစ္စရပ်များကို အလေးပေးသည့် တွေ့ဆုံမှုများစွာကိုလည်း မတူညီသော အသိုင်းအဝိုင်းများနှင့် ပြုလုပ်ခဲ့သည်။

၅၂။ ယန္တရားသည် အမြင်အားဖြင့်ဆွဲဆောင်မှုရှိ၍၊ မှတ်မိလွယ်စေပြီး၊ တဆင့်ပြန်လည်မျှဝေနိုင်သော သတင်းစကားများပါဝင်သည့် စာစောင်များ ရေးသားဖြန့်ဝေခြင်းဖြင့် ပြည်သူလူထုနှင့် ပိုမိုကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ အစီရင်ခံကာလအတွင်း ယန္တရား၏ဝဘ်ဆိုက်ကို အများပြည်သူ လက်လှမ်းမီနိုင်သော အကြောင်းအရာများပါဝင်စေရန် ပြန်လည် ဒီဇိုင်းရေးဆွဲခဲ့ပြီး အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် လွှင့်တင်ခဲ့သည်။ အသုံးပြုသူများ လွယ်ကူချောမွေ့စွာ ဝင်ရောက်ကြည့်ရှုနိုင်ရန်လည်း ဦးစားပေးခဲ့သည်။ ယန္တရား၏ တစ်နှစ်သုံးကြိမ်ထုတ် သတင်းလွှာမှတဆင့် အရေးကြီးသော အကြောင်းအရာများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို အသေးစိတ်ဖော်ပြခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပါဝင်ပတ်သက်သူများအား သတင်းစကားပါးရန် ကြိုးပမ်းဆောင်ရွက်သည်။ ယန္တရားသည် မြန်မာဘာသာ၊ ရိုဟင်ဂျာဘာသာတို့အပြင် မြန်မာနိုင်ငံတွင် အသုံးပြုသည့် အခြားဘာသာစကားများဖြင့် ဗီဒီယိုများ၊ အချက်အလက်စာစောင်များ၊ သရုပ်ဖော်ရှင်းလင်းချက်များနှင့် အခြားလူထုဆက်ဆံရေးဆိုင်ရာ ထုတ်ဝေမှုများကိုလည်း ဖြန့်ဝေခဲ့သည်။ ဤထုတ်ပြန်မှုများသည် ယန္တရား၏ လုပ်ငန်းများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များအတွင်း လတ်တလော ဖြစ်ပေါ်နေသော အပြောင်းအလဲများကို ကို ရှုထောင့်အမျိုးမျိုးဖြင့် ရှင်းလင်းစွာ တင်ပြထားသည်။ လာမည့်အစီရင်ခံကာလတွင် မြန်မာနိုင်ငံတွင် အသုံးပြုသော အခြားဘာသာစကားများဖြင့် စာစောင်များ တိုးချဲ့ထုတ်ပြန်သွားမည်ဖြစ်ပြီး၊ အထူးသဖြင့် ကလေးများအား ပစ်မှတ်ထားကျူးလွန်သည့် ရာဇဝတ်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ယန္တရား၏ ချဉ်းကပ်နည်းများကို အလေးထားဖော်ပြသွားမည် ဖြစ်သည်။

၅၃။ ယန္တရားသည် သတင်းထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ မီဒီယာနှင့်တွေ့ဆုံခြင်းများနှင့် အင်တာဗျူးများမှတဆင့် ပရိသတ်မျိုးစုံနှင့် ဆက်သွယ်ရန် ကြိုးစားခဲ့ရာ၊ တိုင်းရင်းသားဘာသာစကားများစွာဖြင့်သော်လည်းကောင်း၊ ကမ္ဘာ့နှင့် ဒေသဆိုင်ရာ

မီဒီယာများတွင်သော်လည်းကောင်း ယန္တရား၏လုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းများ ပုံမှန်ဖော်ပြခဲ့သည်။ မြန်မာစစ်တပ်က အင်တာနက်နှင့် ဆိုရှယ်မီဒီယာ အသုံးပြုခွင့်များကို ပိုမိုကန့်သတ်ရန် ကြိုးပမ်းအားထုတ်လာသည့်တိုင်၊ ဤအစီရင်ခံကာလအတွင်း ယန္တရား၏ ဖေ့စ်ဘွတ်ခ် ပရိသတ်အရေအတွက်သည် တဖြည်းဖြည်းချင်း တိုးများလာသည်။ အဓိကအားဖြင့် အာရှဒေသမှ စောင့်ကြည့်သည့်ပရိသတ်ပေါင်း ၇၅,၅၀၀ ကျော်အထိ ရှိလာခဲ့သည်။ ဤသို့တိုးတက်လာခြင်းမှာ အဓိကအားဖြင့် မြန်မာနိုင်ငံမှ အခြေအနေများ၊ နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် အာဂျင်တီးနားဖက်ဒရယ်ရာဇဝတ်ခုံရုံးတို့တွင် ဖြစ်ပေါ်နေသော အရေးကြီး အပြောင်းအလဲများကို ယန္တရားက အချိန်နှင့်တပြေးညီ တုံ့ပြန်နေသောကြောင့် ဖြစ်သည်။ ယန္တရားသည် လာမည့်အစီရင်ခံကာလအတွင်း LinkedIn စာမျက်နှာတစ်ခုကို ဖွင့်ခြင်းဖြင့် ပရိသတ်နှင့် ပိုမိုကျယ်ပြန့်စွာ ဆက်သွယ်နိုင်ရန် စီစဉ်ထားသည်။

## IV. ယန္တရား၏ အခြားကဏ္ဍများရှိ တိုးတက်မှုများ

### A. သက်သေများအား ကာကွယ်ခြင်းနှင့် ပံ့ပိုးကူညီခြင်း

၅၄။ ယန္တရားသည် သက်သေများနှင့် အချက်အလက်ပံ့ပိုးပေးသူများ၏ လုံခြုံရေးနှင့် ကျန်းမာရေးကို အတတ်နိုင်ဆုံး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး၊ လိုအပ်သူများအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစီရင်ခံကာလအတွင်း အရင်းအမြစ်များ သိသိသာသာ လျော့နည်းခဲ့သော်လည်း၊ ယန္တရားသည် သက်သေများအား ကာကွယ်ပေးခြင်းနှင့် ပံ့ပိုးကူညီမှုလုပ်ငန်းများကို အခိုင်အမာဆောင်ရွက်နေဆဲဖြစ်သည်။ ယန္တရားသည် သက်သေများအား ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ကိုင်ပုံများကို နိုင်ငံတကာအဆင့်မီ အကောင်းဆုံး အလေ့အကျင့်များနှင့်အညီ အဆက်မပြတ် အဆင့်မြှင့်တင်လျက်ရှိသည်။

၅၅။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ စုံစမ်းစစ်ဆေးမှုလုပ်ငန်းတွင် သက်သေများ၊ ထိခိုက် နစ်နာသူများနှင့် သတင်းရင်းမြစ်များအတွက် လုံခြုံဘေးကင်းရေးနှင့် လူမှုရေးစိတ်ပိုင်းဆိုင်ရာ အန္တရာယ်များ ကြီးမားစွာရှိသည်။ အထူးသဖြင့် ချုပ်နှောင်ခံခဲ့ရသူများ၊ ညှဉ်းပန်းနှိပ်စက်ခံရသူများ၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများ၊ အစုအပြုံလိုက် သတ်ဖြတ်မှုများကဲ့သို့သော စနစ်တကျဖြစ်ပွားသည့် အကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများနှင့် အတွင်းသတင်းသိ သက်သေများသည် အဆိုပါအန္တရာယ်များ ပိုမိုကြုံတွေ့နိုင်သည်။ မြန်မာနိုင်ငံရှိ လုံခြုံရေးအခြေအနေ ဆိုးရွားလာသကဲ့သို့ ဒုက္ခသည်များကို လက်ခံထားရသည့် အခြားဒေသများတွင်လည်း လုံခြုံရေးအခြေအနေ ယိုယွင်းလာသောကြောင့် သက်သေအဖြစ်အလားအလာရှိသူများ၏ လုံခြုံရေးအခြေအနေမှာလည်း ပိုမိုရှုပ်ထွေးလာခဲ့သည်။ ယန္တရား၏ သက်သေများနှင့် အချက်အလက်ရင်းမြစ်များသည် မြန်မာနိုင်ငံအတွင်း၌သာမက ပြင်ပနိုင်ငံများ၌ပါ ကြီးမားသောအန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ သက်သေအများအပြားသည် မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာရပြီး တရားဝင် ပြည်ဝင်ခွင့်ဗီဇာမရှိဘဲ အိမ်နီးချင်းနိုင်ငံများသို့ ဖြတ်သန်းလာရသည့်အတွက် မလုံခြုံသောအခြေအနေများတွင် ရှိနေကြသည်။ အချို့ဖြစ်ရပ်များတွင် ဖမ်းဆီးခံရပြီး မြန်မာနိုင်ငံသို့ပြန်ပို့ခံရမည့် အနေအထားများလည်း ရှိနိုင်သည်။ မြန်မာနိုင်ငံသို့ ပြန်ပို့ခံရပါက နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ ဖမ်းဆီးချုပ်နှောင်ခံရခြင်းနှင့် ကွပ်မျက်ခံရခြင်းစသည့် အန္တရာယ်များ ကြုံတွေ့နိုင်သည်။ ဤအခြေအနေတွင် ယန္တရားသည် စုံစမ်းစစ်ဆေးရေး အင်တာဗျူးများကို လုံခြုံလျှို့ဝှက်စွာ လုပ်ဆောင်ခြင်း၊ ကြီးမားသောအန္တရာယ်ရှိသည့် သက်သေများအတွက် ကာကွယ်စောင့်ရှောက်မှုများ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးခြင်းတို့ဖြင့် ထိခိုက်နိုင်မှုအန္တရာယ်များကို လျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သက်သေများ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို ဖြေရှင်းပေးနိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လိုအပ်သည်။

၅၆။ ယန္တရားသည် သက်သေတစ်ဦးစီ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးအတွက်၊ ယန္တရားဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုမီ၊ ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးချိန်အထိ လိုအပ်သောအစီအမံများအားလုံးကို တတ်နိုင်သမျှ ပြင်ဆင်ဆောင်ရွက်သည်။ ဤအစီအမံများသည် အထောက်အထားများစုဆောင်းခြင်းမှ စတင်ပြီး ပြန်လည်မျှဝေသည့်လုပ်ငန်းစဉ်အထိ ယန္တရား၏ လုပ်ငန်းအစိတ်အပိုင်း အားလုံးအတွင်းတွင် ပေါင်းစည်းထည့်သွင်းထားသည်။ အချိန်ကြာလာသည်နှင့်အမျှ ကာကွယ်စောင့်ရှောက်မှုနှင့် ပံ့ပိုးမှုများ ဆက်လက်လိုအပ်နေသော ထိခိုက်နစ်နာသူများနှင့် သက်သေများ၏ အရေအတွက်သည် တဖြည်းဖြည်း တိုးလာခဲ့ပြီး၊ နှစ်စဉ် ပံ့ပိုးမှုလိုအပ်သူ အရေအတွက်လည်း တိုးမြင့်လာခဲ့သည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် အထူးလုံခြုံရေးအန္တရာယ်များကို ဖော်ထုတ်ရန်၊ သက်သေများအနေဖြင့် ယန္တရားနှင့် ဘေးကင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အန္တရာယ်အကဲဖြတ်ချက်ပေါင်း ၂၂၀ ကျော်ကို ဆောင်ရွက်ခဲ့သည်။ သို့ရာတွင်၊ ယန္တရားသည် လုံခြုံရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းမဟုတ်သဖြင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအစီအမံများ ပေးနိုင်စွမ်းမရှိသကဲ့သို့ နိုင်ငံတစ်ခုခုသို့ ခရီးသွားခြင်းနှင့် ဝင်ရောက်ခြင်းကို ခွင့်ပြုပေးနိုင်ခြင်းမရှိပါ။ ယန္တရားသည် သက်သေများ၏ ကာကွယ်စောင့်ရှောက်မှုကို အာမခံနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အထောက်အပံ့ကို မှီခိုအားထားပြီး လုပ်ဆောင်ခြင်းဖြစ်သည်။

၅၇။ သက်သေများအတွက် စိတ်လူမှုကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ယန္တရားသည် ၎င်းတို့၏ စိတ်ကျန်းမာရေးအတွက် ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးသက်ရောက်မှုများ၊ ယန္တရားနှင့်ပူးပေါင်းဆောင်ရွက်မှုကြောင့် စိတ်ဒဏ်ရာထပ်မံရနိုင်ခြေများကို လျှော့ချနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရန်အတွက် စိတ်လူမှုကျန်းမာရေးဆိုင်ရာ အကဲဖြတ်ချက်များစွာကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင်၊ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များအတိုင်း၊ ဆေးဘက်ဆိုင်ရာနှင့် စိတ်လူမှုကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုများရရှိစေရန်အတွက် လူပုဂ္ဂိုလ်များစွာကို ပြင်ပဝန်ဆောင်မှုပေးသူများထံ လွှဲပြောင်းပေးခဲ့သည်။

## B. ဘာသာစကားပံ့ပိုးမှု

၅၈။ မြန်မာနိုင်ငံအတွင်း ဘာသာစကားအုပ်စုများကွဲပြားခြင်းသည် ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုများကို ပို၍ရှုပ်ထွေးစေသည်။ ယန္တရားက စုဆောင်းထားသော အချက်အလက်နှင့် အထောက်အထားအများစုမှာ မြန်မာဘာသာ (ဗမာ)၊ ရိုဟင်ဂျာဘာသာ သို့မဟုတ် တိုင်းရင်းသားဘာသာစကားများဖြင့် ရေးသားထားပြီး အမျိုးမျိုးသော အက္ခရာစနစ်များ၊ ဖိုင်ဖော်မတ်များဖြင့် ရှိနေသည်။ ထို့အပြင်၊ ထိခိုက်နစ်နာသူများ၊ သက်သေများ၊ အချက်အလက်ရင်းမြစ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ မိတ်ဖက်အများစုသည် မြန်မာဘာသာ၊ ရိုဟင်ဂျာဘာသာ သို့မဟုတ် မြန်မာနိုင်ငံတွင် အသုံးပြုသော အခြားဘာသာစကားအသီးသီးကို ပြောဆိုကြသည်။ ထို့ကြောင့် ယန္တရားသည် အချက်အလက်စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်သာမက မိတ်ဖက်အဖွဲ့အစည်း မျိုးစုံနှင့် ပုံမှန်အကျိုးရှိစွာ ဆက်သွယ်နိုင်ရန်အတွက် အချိန်နှင့်တပြေးညီ မှန်ကန်တိကျသော ဘာသာပြန်ဆိုနိုင်စွမ်းနှင့် စကားပြန်ဝန်ဆောင်မှုများ လိုအပ်သည်။

၅၉။ ယန္တရား၏ ဘာသာစကားပံ့ပိုးရေးဌာနသည် ဝန်ထမ်းအနည်းငယ်ဖြင့်သာ လည်ပတ်နေသော်လည်း မြန်မာဘာသာ တစ်ခုတည်းအတွက် သာမက၊ ရခိုင်၊ ရိုဟင်ဂျာ၊ ကရင်၊ မီဇိုချင်း၊ ဖလမ်းချင်း၊ ဂျိန်းဖောနှင့် ရှမ်းဘာသာစကားများကိုပါ အချိန်နှင့်တပြေးညီ ဘာသာပြန်ဆိုခြင်း၊ စကားပြန်ခြင်းနှင့် ဘာသာစကားအတည်ပြုခြင်း လုပ်ငန်းများကို လုပ်ဆောင်သည်။ ဤလုပ်ဆောင်မှုများသည် ယန္တရား၏ လုပ်ငန်းများအားလုံးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပြီး၊ ဆောင်ရွက်ဆဲ စုံစမ်းစစ်ဆေးမှုများ၊ အများပြည်သူထံ အသိပေးခြင်းနှင့် လူထုဆက်ဆံရေးလုပ်ငန်းများ၊ သက်သေများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပံ့ပိုးမှုလုပ်ငန်းများအပြင် လုံခြုံရေးညှိနှိုင်းဆောင်ရွက်မှုတို့ကို ပံ့ပိုးလျက်ရှိသည်။

## C. ဝန်ထမ်းများ၊ အသုံးပြုသည့်ပစ္စည်းများနှင့် သတင်းအချက်အလက်နည်းပညာ လုံခြုံရေး

၆၀။ ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုများသည် အလွန်သိမ်မွေ့အကဲဆတ်သည့် အခြေအနေရှိပြီး၊ စုံစမ်းစစ်ဆေးမှုများ၏ မှန်ကန်ဖြောင့်မတ်မှု၊ ဝန်ထမ်းများ၊ ရုံးတည်နေရာ၊ အချက်အလက်ရင်းမြစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအားလုံး ဘေးကင်းလုံခြုံရန် အတတ်နိုင်ဆုံး သတိထားပြီး လျှို့ဝှက်စွာထိန်းသိမ်းထားရန် အထူးလိုအပ်သည်။ ယန္တရား၏လုပ်ငန်းများကို တိုက်ရိုက်သက်ရောက်မှုရှိသည့်ဒေသများတွင် ဆိုးရွားနေသော လုံခြုံရေးအခြေအနေများကို အဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး၊ ထိရောက်သော အန္တရာယ်လျှော့ချရေး အစီအမံများနှင့် လိုက်လျောညီထွေပြုပြင်မှုများကို လိုအပ်သလို ဆောင်ရွက်လျက်ရှိသည်။

၆၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌ စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း ယန္တရားအပေါ် လုံခြုံရေးခြိမ်းခြောက်မှုများနှင့် အန္တရာယ်များ သိသိသာသာမြင့်တက်လာသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုကျူးလွန်မှုများ ဆက်လက်မြင့်တက်လာသည်နှင့်အတူ၊ အန္တရာယ်များသောဒေသများတွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ခြင်း၊ လုံခြုံရေးအန္တရာယ် ကြီးမားစွာရင်ဆိုင်နေရသော သက်သေများနှင့် ထိတွေ့ဆက်ဆံမှုများ တိုးလာခြင်းတို့ကြောင့်ဖြစ်သည်။ ယန္တရားသည် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို အဆက်မပြတ် သုံးသပ်၍ အန္တရာယ်လျော့ချနိုင်ရန်၊ လုံခြုံရေးအစီအမံများကို စုံစမ်းရေးလုပ်ငန်းများ မလုပ်ဆောင်မီ၊ လုပ်ဆောင်စဉ်နှင့် လုပ်ဆောင်ပြီးသည်အထိ ထည့်သွင်းထားပြီး၊ ယန္တရား၏ ဝန်ထမ်းများ၊ ရုံးနေရာများနှင့် အသုံးပြုသည့်ပစ္စည်းကိရိယာများ၏ လုံခြုံရေးကို သေချာစွာ စီမံထားသည်။

၆၂။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ကြီးလေးသည့်နိုင်ငံတကာ ရာဇဝတ်မှုများအတွက် မြန်မာစစ်တပ်အဖွဲ့ဝင်များအပါအဝင် တာဝန်ရှိသူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို စုံစမ်းစစ်ဆေးသည်။ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာရာဇဝတ်ခုံရုံးမှ တရားလိုရှေ့နေနှင့် အာဂျင်တီးနားနိုင်ငံ၏ ဖက်ဒရယ်အစိုးရရှေ့နေတို့သည် အဆိုပါ လူပုဂ္ဂိုလ်တချို့အား ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုခဲ့သည်။ မြန်မာစစ်တပ်သည် ၎င်း၏အကျိုးစီးပွားကို ဆန့်ကျင် လုပ်ဆောင်နေသူများအား ပစ်မှတ်ထားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိတ်လန့်စေခြင်းနှင့် သတ်ဖြတ်ခြင်းများကို ထပ်တလဲလဲလုပ်ဆောင်နေသည်ကို တွေ့ရသည်။ ဤအခြေအနေတွင်၊ ယန္တရား၏ ဝန်ထမ်းများ (အထူးသဖြင့် မြန်မာနိုင်ငံတွင် မိသားစုဝင်ရှိသူများ) သည် ကြီးမားသောဖိအားနှင့် ကြောက်ရွံ့မှုများ ကြုံတွေ့နေရပြီး လုံခြုံရေးအန္တရာယ် အလွယ်တကူ ကြုံရနိုင်သည့် အခြေအနေတွင်ရှိသည်။ ယန္တရားအတွက် အလုပ်လုပ်နေကြောင်း ပေါက်ကြားပါက၊ ၎င်းတို့အား ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံရနိုင်သည့်အတွက် အလွန်ကြီးမားသော အန္တရာယ် အမှန်တကယ်ရှိနေသည်။

၆၃။ ဘေးအန္တရာယ်များကို ထိထိရောက်ရောက် လျှော့ချနိုင်ရန်၊ ယန္တရားသည် ဂျီနီဗာနှင့် နိုင်ငံတကာ မစ်ရှင်များအပါအဝင်၊ လုပ်ငန်းတိုင်း၏ သီးသန့်လုံခြုံရေးလိုအပ်ချက်များ၊ အန္တရာယ်အကဲဖြတ်ချက်များနှင့် ကိုက်ညီသည့် ခိုင်မာသောလုံခြုံရေးအစီအမံများကို ပေါင်းစပ်အသုံးပြုသည်။ ဤလုံခြုံရေးအစီအမံများတွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပြုလုပ်နိုင်သည့်အရာများ၊ ယင်းတို့၏လှုပ်ရှားမှုများကို အဆက်မပြတ် စောင့်ကြည့်ခြင်းနှင့် အတွင်းကျကျ စိစစ်သုံးသပ်ခြင်းများ ပါဝင်သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံအလိုက် သို့မဟုတ် ဒေသအလိုက် အန္တရာယ်အကဲဖြတ်ချက်များကို အသေးစိတ်နှင့် ပုံမှန်တင်ပြသော အစီရင်ခံစာများ ရလာသည်။ ဤအကဲဖြတ်ချက်လုပ်ငန်းများကို ကုလသမဂ္ဂလုံခြုံရေးစီမံခန့်ခွဲမှု စနစ်အောက်ရှိ အဖွဲ့အစည်းများ၊ လုံခြုံရေးဌာနနှင့်အတူ အဓိကလုံခြုံရေးဆိုင်ရာမိတ်ဖက်အဖွဲ့များနှင့် နီးကပ်စွာပူးပေါင်း ဆောင်ရွက်သည်။

၆၄။ ယန္တရား၏ လုံခြုံရေးဆိုင်ရာ ကြိုးပမ်းမှုများသည် စုံစမ်းရေးမစ်ရှင်များ၊ မိတ်ဖက်များနှင့် ဆက်ဆံရေး၊ အချက်အလက်နှင့်ဒေတာများ လုံခြုံစိတ်ချစွာ ထိန်းသိမ်းနိုင်မှုများအတွက်

အထူးအထောက်အကူပြုသည်။ အစီရင်ခံကာလအတွင်း ယန္တရားသည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများနှင့် ဆက်သွယ်မေးမြန်းရေးလုပ်ငန်းများတွင် အသုံးပြုသော ပစ္စည်းကိရိယာများကို တိုးမြှင့်ကာ ထိန်းချုပ်ခြင်း နှင့် ကာကွယ်ခြင်းအားဖြင့် ယန္တရား၏ အချက်အလက်လုံခြုံရေးကို ပိုမိုခိုင်မာစေရန် လုပ်ငန်းစဉ်များနှင့် နည်းပညာများကို တိုးချဲ့အသုံးပြုခဲ့သည်။

၆၅။ ထို့အပြင် ယန္တရား၏ ဝန်ထမ်းများ၊ သက်သေများ၊ အချက်အလက်အထောက်ထားများနှင့် စပ်လျဉ်းပြီး လုံခြုံရေးပြဿနာများကြုံတွေ့ရပါက ထိရောက်စွာတုံ့ပြန်နိုင်ရန်အတွက် စနစ်တကျ ချမှတ်ထားသော တုံ့ပြန်ရေးမူဘောင်နှင့် အွန်လိုင်းမှသတင်းပို့နိုင်သော စနစ်တစ်ရပ်ကို ဖော်ဆောင်ခဲ့သည်။ ဤစနစ်ဖြင့် ယန္တရားသည် သတင်းပို့ခြင်း၊ ခြေရာခံခြင်း၊ စောင့်ကြည့်ခြင်းနှင့် အန္တရာယ်များ လျင်မြန်စွာဖော်ထုတ်ခြင်း၊ လျော့ချခြင်း သို့မဟုတ် တုံ့ပြန်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။

## D. နည်းပညာနှင့် အခြေခံအဆောက်အအုံ

၆၆။ ဒစ်ဂျစ်တယ်အချက်အလက်များ၏ ပုံစံအနေအထား ပြောင်းလဲလာပြီး၊ ယန္တရား၏ စုဆောင်းရေးလုပ်ငန်းများလည်း တိုးလာခြင်းကြောင့်၊ နည်းပညာများကို အစဉ်တစိုက် မြှင့်တင်ခြင်းနှင့် မွမ်းမံခြင်းများသည် ယန္တရား၏လုပ်ငန်းများတွင် အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ယန္တရားသည် အဆင့်မြင့်နည်းပညာများကို ပေါင်းစပ်အသုံးပြုလျက် အီလက်ထရောနစ် အချက်အလက်စီမံခန့်ခွဲမှုစနစ်ဖြင့် လက်ခံသိမ်းဆည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းများ ဆောင်ရွက်ရာတွင် အဆက်မပြတ် အရည်အသွေးမြှင့်တင်လျက်ရှိသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် လုပ်ငန်းများ၏ ထိရောက်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အားကောင်းစေသည်။

၆၇။ အစီရင်ခံသည့်ကာလတလျှောက်တွင်၊ ယန္တရားသည် သက်သေအထောက်အထားအဖြစ် မသတ်မှတ်နိုင်သောအချက်အလက်များကို ပိုမိုကောင်းမွန်စွာစုစည်းပြီး လုံခြုံစွာစီမံခန့်ခွဲရန်အတွက် စနစ်သစ်များနှင့် နည်းပညာအသစ်များကို ဖော်ထုတ်အသုံးပြုခဲ့သည်။ ဤကာလအတွင်း ယန္တရား၏ အရေးပါဆုံး အချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်တစ်ရပ်အဖြစ်၊ ယခင်အချက်အလက်သိုလှောင်ရေးစနစ်မှ ပိုမိုအဆင့်မြင့်ပြီး သင့်လျော်သောစနစ်တစ်ခုသို့ အောင်မြင်စွာ ရွှေ့ပြောင်းနိုင်ခဲ့သည်။ ဤလုပ်ငန်းစဉ် အစမှအဆုံးအထိ လုပ်ဆောင်ရန် အချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ အထူးကျွမ်းကျင်မှုများ လိုအပ်ခဲ့သည်။ ထို့အပြင်၊ ယန္တရား၏ အချက်အလက်စနစ်များစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ခဲ့ပြီး၊ လက်ရှိနည်းပညာတိုးတက်မှုများနှင့် ကိုက်ညီစေရန် ပြင်ဆင်မွမ်းမံခဲ့သည်။ လုပ်ငန်းဆောင်တာများကို ထောင့်ပေါင်းစုံမှ ပံ့ပိုးပေးရန်အတွက် ယန္တရား၏ အခြေခံအဆောက်အအုံများတွင် ဇာကျူရယ်ခေါ် အွန်လိုင်းဖြင့်တွေ့ဆုံမှုကို အသုံးချကာ၊ ပိုမိုလုံခြုံစွာဖြင့် အဝေးမှအလုပ်လုပ်နိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာသော ဖြေရှင်းနည်းများဖြင့် ဒေတာစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်လာစေသည်။

၆၈။ ယန္တရားသည် အလိုအလျောက်လုပ်ဆောင်သည့်စနစ်များကို မြှင့်တင်ရန်နှင့် အီလက်ထရောနစ် အချက်အလက်စီမံခန့်ခွဲမှုစနစ်အတွင်း စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာစေရန် ဆက်လက်ကြိုးပမ်းသည်။ ယင်းကြိုးပမ်းမှုများကြောင့် အချက်အလက်များ၏ အရည်အသွေးထိန်းသိမ်းမှုနှင့် တိကျမှုသည် ယခုအစီရင်ခံကာလအတွင်း ပိုမိုတိုးတက်ကောင်းမွန်လာသည်။ ယခုအခါ အလိုအလျောက်စနစ်ကို ဘာသာပြန်လုပ်ငန်း၊ ပွင့်လင်းရင်းမြစ်မှ အချက်အလက်ရှာခြင်းနှင့် စိစစ်သုံးသပ်မှုလုပ်ငန်း အရပ်ရပ်တွင် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့အသုံးပြုလျက်ရှိပြီး၊ ယန္တရား၏ အချက်အလက်များကို လုံခြုံစွာနှင့် ထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်စွမ်း ပိုမိုအားကောင်းစေသည်။

၆၉။ ယန္တရားသည် စုံစမ်းစစ်ဆေးရေးနှင့် စိစစ်သုံးသပ်ရေးလုပ်ငန်းများအတွက် ဉာဏ်ရည်တုနည်းပညာ၏ အသုံးဝင်နိုင်မှုနှင့် အကောင်အထည်ဖော်နိုင်စွမ်းများကို သိရှိနိုင်ရန် သုတေသနအမျိုးမျိုးကို စူးစမ်းလေ့လာလျက်ရှိသည်။ ယင်းသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များသည် အစဉ်တစိုက် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်ပြီး၊

အသုံးပြုနိုင်သည့် နည်းပညာများသည် လျင်မြန်ဆန်စွာ ပြောင်းလဲတိုးတက်လျက်ရှိသဖြင့်၊ ဤလုပ်ငန်းများသည်လည်း တိုးတက်ပြောင်းလဲနေသည်။

## V. နိဂုံး – စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်

၇၀။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့၊ ယန္တရားသည် မြန်မာနိုင်ငံနှင့် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများရှိ ထိခိုက်နစ်နာသူများနှင့် သက်သေများထံ တိုက်ရိုက်သွားရောက်ခွင့် မရခြင်း၊ ဝန်ထမ်းများ၊ သက်သေများနှင့် ကြားခံဆက်သွယ်ဆောင်ရွက်သူများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များ၊ ဆက်သွယ်ရေးဆိုင်ရာ ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အချက်အလက်များ လုံခြုံစွာရယူနိုင်ရန် ကန့်သတ်ချက်များ၊ ဘာသာစကားနှင့် ဘာသာပြန်ဆိုနိုင်စွမ်းများ၊ နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်မှုများနှင့် အထူးကျွမ်းကျင်မှုများကို အားဖြည့်ရန်အတွက် လုံလောက်သော စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များလိုအပ်နေခြင်း အပါအဝင် စိန်ခေါ်မှုများစွာကို ဆက်လက်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယင်းစိန်ခေါ်မှုများသည် ဤအစီရင်ခံကာလအတွင်း ကုလသမဂ္ဂအပေါ်သက်ရောက်သော မကြုံစဖူး ဘဏ္ဍာရေးအကျပ်အတည်းနှင့် ချွေတာရေး အစီအမံများကြောင့် ပိုမိုခက်ခဲလာခဲ့သည်။

၇၁။ ဘဏ္ဍာရေးအကျပ်အတည်းနှင့် မကြာမီက စတင်ကျင့်သုံးသည့် ချွေတာရေးအစီအမံများ ကြောင့် ဝန်ထမ်းခန့်အပ်ခြင်း၊ မဖြစ်မနေလိုအပ်သော အကြံပေးဝန်ဆောင်မှုများ၊ စုံစမ်းစစ်ဆေးရေး မစ်ရှင်များ၊ သင်တန်းပေးမှုများနှင့် အချက်အလက်နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ဆော့ဖ်ဝဲများ ဝယ်ယူတပ်ဆင်ခြင်းတို့ကို အထူးသက်ရောက်မှုရှိခဲ့သည်။ ထို့အပြင်၊ ယန္တရားအား ၂၀၂၅ ခုနှစ်အတွက် အတည်ပြုထားသော ပုံမှန်ရန်ပုံငွေထဲမှ ၇၃ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၁၁ သန်း) သာ ပေးအပ်သဖြင့် ယန္တရား၏ လုပ်ငန်းလည်ပတ်ရာတွင် ပိုမိုကျပ်တည်းလာခဲ့သည်။ ဤစိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေသည့် အချက်မှာ၊ UN80 လုပ်ငန်းစဉ်အရ ကုလသမဂ္ဂအနေဖြင့် စရိတ်လျှော့ချရေး ကန့်သတ်ချက်များ ထပ်မံကျင့်သုံးရန် လိုအပ်လာပြီး၊ ယန္တရားသည် ၂၀၂၆ ခုနှစ်တွင် ပုံမှန်ဘဏ္ဍာငွေဖြင့် ထောက်ပံ့ထားသော ဝန်ထမ်းရာထူး၏ ၂၀ ရာခိုင်နှုန်းကို လျှော့ချရန် လိုအပ်နေသည်။ ယန္တရားသည် အဖွဲ့အစည်းအရွယ်အစား သေးငယ်သည့်အတွက် ထိုသို့လျှော့ချမှုသည် ကြီးမားသောအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်သည်။ ယင်းဘဏ္ဍာရေးဖိအားများသည် ယန္တရား၏ အရေးကြီးသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာနှင့် နိုင်ငံတွင်း တရားမျှတမှုရရှိရေးကြိုးပမ်းချက်များကို ထောက်ပံ့နိုင်ရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာသည်။ ယန္တရားသည် အနာဂတ်တွင် လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် နောက်ထပ်ရန်ပုံငွေထောက်ပံ့မှုများရရှိရန် ကြိုးစားသွားမည်ဖြစ်ပြီး၊ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်များထံမှ ထောက်ပံ့မှုများကို ကြိုဆိုလက်ခံပါသည်။

၇၂။ ဘက်ပေါင်းစုံမှစိန်ခေါ်မှုများကိုဖြေရှင်းပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက်၊ ယန္တရားသည် ၂၀၂၅ မှ ၂၀၂၇ ခုနှစ်အထိ အကောင်အထည်ဖော်မည့် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲချမှတ်ခဲ့သည်။ ယင်းစီမံကိန်းတွင် နောက်လာမည့်သုံးနှစ်အတွက် ရှင်းလင်းပြတ်သားသော မျှော်မှန်းချက်နှင့် မဟာဗျူဟာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို ဖော်ပြထားသည်။ မဟာဗျူဟာစီမံကိန်းတွင် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသော ဦးတည်ချက်များနှင့် ရည်မှန်းချက်များမှာ (က) ယန္တရား၏လုပ်ငန်းအခက်အခဲများအား ရင်ဆိုင်နိုင်စွမ်းကို မြှင့်တင်ရန်၊ (ခ) ယန္တရား၏ စုံစမ်းစစ်ဆေးမှုနှင့် စိစစ်သုံးသပ်မှုစွမ်းရည်များကို ပိုမိုတိုးတက်စေရန်၊ (ဂ) အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ထိခိုက်နစ်နာခဲ့ရသော လူမှုအသိုင်းအဝိုင်းများ အပါအဝင်၊ ပါဝင်ပတ်သက်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာ ချိတ်ဆက်ရန် တို့ဖြစ်သည်။ ဤစီမံကိန်းတွင် ဒစ်ဂျစ်တယ်လုံခြုံရေးကို ပိုမိုအားဖြည့်ရန်၊ ပမာဏများပြားလှသော အထောက်အထားများကို စီမံခန့်ခွဲရန်နှင့် စိစစ်သုံးသပ်ရန်အတွက် နည်းပညာများတွင်ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးကြောင်း အလေးထား ဖော်ပြထားသည်။ ထို့အပြင်၊ ကမ္ဘာလွှမ်းခြုံတရားစီရင်ပိုင်ခွင့်နှင့် တခြားနိုင်ငံတစ်ခု၏ တရားစီရင်ပိုင်ခွင့်များကို အသုံးပြုကာ ဖြစ်နိုင်ခြေရှိသောတရားစွဲဆိုမှုများကို ဖော်ထုတ်ခြင်းဖြင့်

စုဆောင်းရရှိထားသော အထောက်အထားများကို နိုင်ငံတွင်းနှင့် နိုင်ငံတကာ အာဏာပိုင်များက ပိုမိုကျယ်ပြန့်စွာ အသုံးပြုရန်ကိုလည်း ဦးစားပေးထားသည်။ လုံခြုံရေးအန္တရာယ် ကြီးမားစွာရှိသော သက်သေများအား ကာကွယ်ခြင်းနှင့် ပံ့ပိုးကူညီခြင်းလုပ်ငန်းများသည် အဓိကအရေးပါဆဲဖြစ်ပြီး၊ ယင်းလုပ်ငန်းစဉ်များတွင် အဖွဲ့ဝင်နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ သက်သေများအား ပြောင်းရွှေ့နေရာချထားခြင်း သို့မဟုတ် သက်သေကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များမှတဆင့် ကူညီပံ့ပိုးရေးအတွက် တိုက်တွန်းလှုံ့ဆော်ရန် ထည့်သွင်းထားသည်။နောက်ဆုံးအနေဖြင့်၊ ဤမဟာဗျူဟာစီမံကိန်းသည် ရေရှည်ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်သောအရင်းအမြစ်များရရှိရေးအတွက် အားလုံးပါဝင်သည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှုကို တန်ဖိုးထားသည်။ ယန္တရား၏ မဟာဗျူဟာစီမံကိန်းသည် မြန်မာနိုင်ငံရှိ တိုးတက်ပြောင်းလဲလျက်ရှိသည့် အခြေအနေများကိုလိုက်၍ ဦးစားပေးလုပ်ငန်းများကို ချိန်ညှိခြင်းဖြင့် ယန္တရား၏ လုပ်ပိုင်ခွင့်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်မှုပေးသည်။ ဤသို့ဖြင့် လက်ရှိစိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် တာဝန်ခံမှုရရှိရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရှင်းလင်းပြတ်သားသော မူဘောင်တစ်ရပ် ချမှတ်ထားပါသည်။